# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၁၄)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၁၄-၁၀-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း၊ လျှော့ပါးစေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ အားကောင်းစေရေးပင်ဖြစ်

### သဘာဝဘေးကို လျှော့ချနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်ကြရာတွင် အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် ပြည်သူလူထု၏ စွမ်းပကားသည် အလွန်အရေးပါ



နေပြည်တော် အောက်တိုဘာ ၁၃

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။

မိုး/ဇလ


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၁၄ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ဆင်ခြင်သတိအမြဲရှိဖို့ လိုအပ်မည်

လောကတွင်ရှိသမျှ တရားအားလုံးတွင် "သတိ" သည် အရေးကြီးဆုံးဖြစ်သည်။ သတိကင်းမဲ့ပါက မည်သည့်အရာမှ ပြီးမြောက်အောင်မြင်နိုင်ခြင်းမရှိပါ။ ပစ္စုပ္ပန်အကျိုးစီးပွားကြီးပွားချမ်းသာမှုသာမက သံသရာအကျိုးစီးပွားဖြစ်သော နိဗ္ဗာန်ချမ်းသာတိုင်အောင် သတိသည် ပဲ့ကိုင်သူအဖြစ် အရေးကြီးမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဆိုရိုးစကားတွင် "သတိမမူ ဂူမမြင်" ဟူ၍ ဆိုရိုးရှိပြီး "သတိမူက မြူကိုမြင်" ဟူ၍ ဆိုထုံးပြုထားသည်။

လောကလူ့ဘဝတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေရန်မှာ သတိမှာ အရေးကြီးမည်ဖြစ်သည်။ ဘဝတွင် အောင်မြင်လိုသူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဥစ္စာငွေကြေးရှာလိုသူဖြစ်စေ၊ တရားဓမ္မရှာလိုသူဖြစ်စေ အရာရာဆင်ခြင်သတိအမြဲရှိရမည်ဖြစ်သည်။ သတိရှိသူသည် အလွဲအမှားကင်းသည်။ လိုရာကိစ္စ၊ လိုရာခရီးကို အပြီးတိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် စကားပေါင်းတို့၏ အချုပ်သည် ကတိ၊ တရားပေါင်းတို့၏ အချုပ်သည် သတိဟူ၍ ကြည့်ကန်ရှင်ကြီးက ဆိုခဲ့ဖူးသည်။ လူတိုင်းအတွက် သာမန်ကိစ္စကို မဆိုထားဘိ လောကုတ္တရာ၏အကျိုးအတွက် အကြောင်းခံတရားများပင် သတိက ထိန်းချုပ်ပေးနိုင်သည်မှာ ထင်ရှားလှသည်။ သတိတရားဟူသည် ကား ပိုသည်ဟူ၍ ဘယ်သောအခါမှ မရှိပါ။ သတိတရားလျော့နည်း၍သာလျှင် အခက်အခဲ ဒုက္ခပြဿနာ၊ ဆုံးရှုံးမှု စသော ဆိုးကျိုးနှင့် ရင်ဆိုင်တွေ့ကြုံကြရမည်ဖြစ်သည်။

လူတိုင်းအတွက် သတိတရားကို လက်ကိုင်ထားနိုင်မှုအပြင် ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော တရားလေးပါးကိုလည်း သတိထားရမည်ဖြစ်သည်။ မေတ္တာဟူသည် သတ္တဝါများ ခပ်သိမ်းသော လူများ၏ အကျိုးစီးပွားကို လိုလားခြင်းဖြစ်သည်။ ကရုဏာသည် ခပ်သိမ်းသော လူတို့အား သတ္တဝါများအား သနားခြင်းဖြစ်သည်။ မုဒိတာဟူသည် ခပ်သိမ်းသော သတ္တဝါနှင့် လူသားတို့အား ကြီးပွားအောင်မြင်မှု ချမ်းသာမှုကို ဝမ်းမြောက်ခြင်းဖြစ်သည်။ ဥပေက္ခာဟူသည်ကား ကံကံ၏အကျိုးအတိုင်းသာ ဖြစ်ရသည်ဟု နှလုံးသွင်းမှု၊ ချစ်ခြင်း၊ မုန်းခြင်းနှစ်ပါးမှ လွတ်လပ်မှု၊ သူ့သဘောကို သူဆောင်သည်ဟူသော နှလုံးသွင်းမှုဖြစ်သည်။ ဤတရားများဖြင့် ပြည့်စုံသူသည် မြင့်မြတ်ဆုံးသောလူသားအဖြစ် ဘဝမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

"ကုသိုလ်ကောင်းမှုတွေ အမျိုးမျိုးရှိတဲ့အထဲက တကယ်အကျိုးအများဆုံး အင်အားအကြီးဆုံးကုသိုလ်ဟာ မမေ့မလျော့ သတိနဲ့နေတာ" ဟု ဆရာတော် ဦးဇောတိက က ရေးသားထားသည်။ သတိနှင့်မယှဉ်လျှင် မိမိတို့စိတ်သည် အထိန်းအကွပ်မရှိ ပျံ့လွင့်နေတတ်သည့် သဘောလည်းရှိသည်။

သို့ဖြစ်ရာ လူတိုင်း လူတိုင်း ငယ်စဉ်ဘဝမှစကာ အိုမင်းသည့်တိုင်အောင် ကျန်းမာပျော်ရွှင်သော လူဖြစ်ရန်အတွက် စားသောက်မှုတွင် သတိ၊ ဝတ်ဆင်မှုတွင် သတိ၊ နေထိုင်ပြောဆိုမှုတွင် သတိဟူ၍ သတိမလပ်နေနိုင်ဖို့အတွက် ဆင်ခြင်သတိ အမြဲရှိပြီး အရာအားလုံး မမေ့မလျော့ဖြင့် နေထိုင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးစွယ်တော်မြတ်စေတီ ဒသမအကြိမ် ဆီမီးကိုးထောင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**အမရပူရ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ နတ်ရေကန်အုပ်စု၊ ရှားတောလေး ကျေးရွာအနီးတွင် တည်ထားကိုးကွယ်ထားသော မန္တလေး စွယ်တော်မြတ်စေတီတော်၏ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် ဒသမအကြိမ် ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း ကျင်းပသည်။

ဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး စွယ်တော်မြတ်စေတီ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်ခင်စန်းစန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးက ပွဲတော် စည်ကားသိုက်မြိုက်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စွယ်တော်မြတ်စေတီဂေါပက အတွင်းရေးမှူး ဦးစန်းယုက ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ၊ ဆပ်ကော်မတီများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် နာယကများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသီဟ(အမရ)**

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



**ကျောက်ဆည်၊ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဇီဝနည်းပညာသုတေသနဦးစီး ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ် လုပ်မှုနည်းပညာသင်တန်းဆင်း ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ဇီဝနည်းပညာသုတေ သနဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝ နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က နည်း ပညာများကို ပံ့ပိုးပေးခြင်းနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ သင် တန်းမှရရှိသော အတွေးအခေါ် နည်းပညာများ အကျိုးရှိထိ ရောက်စွာ အသုံးချသွားရန်နှင့် လိုအပ်သောနည်းပညာများရရှိရေး အဆင့်မြှင့်သင်တန်းများ ဆက် လက်ဖွင့်လှစ်ပေးသွားမည်ဖြစ် သောကြောင့် ကြိုးစားသင်ယူ သွားကြရန် အမှာစကားပြော ကြားခဲ့ပြီး ကျောက်ဆည် တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦး၊ ကျောက်ဆည် ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းနှင့် တာဝန် ရှိသူများက သင်တန်းသား၊ သင် တန်းသူ ၁၉ ဦးအား သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ချီး မြှင့်ခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင် တန်းမှ သင်တန်းသူ ဒေါ်ဝတ် မှုံစံက ဒိန်ချဉ်နှင့် ရဲယိုသီး ဖျော်ရည်ထုတ်လုပ်နည်းများ စာ တွေ့၊ လက်တွေ့ အကျိုးရှိစွာ သင်ကြားပေးခြင်းအတွက် ကျေး ဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက် ကြကြောင်း သိရသည်။

**တင်တင်ထွေး(ခရိုင်ပြန်/ဆက်)**

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲနှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ်တွင် မိုးသည်းထန်ခြင်း၊ ဇော်ဂျီမြစ်နှင့် ပန်းလောင်မြစ် ရေများ လျှံတက်မှုကြောင့် သီးနှံ မျိုးစုံ ၇၃၈၉ ဧက ရေဝင်ရောက် မှုရှိခဲ့ပြီး ၃၃၇၅ ဧက ပျက်စီး ဆုံးရှုံးခဲ့ကြောင်းနှင့် ယမန်နေ့ နံနက်ပိုင်းက ရေကြီးနစ်မြုပ်မှု ကြောင့် ထိခိုက်စပါးခင်းများ အား ပြန်လည်ကုစားရန် သွင်း အားစု ထည့်သွင်းခြင်းကွင်း သရုပ်ပြပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကို အုန်းပင်ခြံကျေးရွာ တောင် သူဦးထွေး၏ ကွင်းအမှတ်(၆၉)၊ ဦးပိုင်အမှတ်(၁၂၇)၊ မိုးစပါးပန်း တိုင်အထွက်နှုန်းရရှိရေး စံပြ ငါးဧက စပါးစိုက်ခင်းတွင် ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က ရေကြီး နစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီး သီးနှံဧကများ အစားထိုးစိုက်ပျိုး နိုင်ရေး၊ ထိခိုက်စပါးခင်းများ ပြန်လည်ကုစားရန် သွင်းအားစု ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး များကို စနစ်တကျသုံးစွဲခြင်းဖြင့် ကုစားဆောင်ရွက်ကြရန်နှင့် ပျက်စီးသီးနှံစိုက်ဧကများကို ဆောင်းကုလားပဲ၊ ဆောင်းနေ ကြာ အစားထိုးစိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားပြော ကြားပြီး စဉ့်ကိုင်မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်က အသိပညာပေး နှင့်သွင်းအားစု ထောက်ပံ့ပေး အပ်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေကြီးနစ် မြုပ်ခဲ့သည့် ကျေးရွာ ၁၃ ရွာမှ တောင်သူများအား သဘာဝမြေ ဩဇာအိတ်၊ Gypsy ကျောက် မှုန့် မြေဩဇာ၊ ဝါမျိုးစေ့၊ ပိုက် ဆံလျှော်မျိုးစေ့နှင့် ဆေးဖျန်းပုံး များကို ထောက်ပံ့ပေးအပ်ခဲ့ရာ ပတ္တာကျေးရွာမှ တောင်သူ ဦးသန်းမြင့်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်း ထိန်၊ ကျောက်ဆည်ခရိုင် စိုက် ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ် ဆွေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ များ၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုး ရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ စိုက် ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။

**(၄၈၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၈၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ့လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ယခု ၂၀၂၄ ခုနှစ်တွင် သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတွင် အဓိကကျသည့် မျိုးဆက်သစ်များ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး “အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့” “Empowering the next generation for a resilient future” ဆိုသည့် ဆောင်ပုဒ်ဖြင့် ဦးတည်ကျင်းပခြင်း ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေသည် ၂၀၂၄ ခုနှစ်တွင် ၈ ဒသမ ၂ ဘီလီယံရှိရာမှ ၂၀၈၀ ပြည့်နှစ် နှစ်လယ်တွင် ၁၀ ဒသမ ၃ ဘီလီယံအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားကြကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ရာသီဥတု အစီရင်ခံစာ (Global Climate Report for 2023) အရတစ်ကမ္ဘာလုံးအနေဖြင့် ၂၀၂၃ ခုနှစ်အပူချိန်သည် (၁၈၅၀ - ၁၉၀၀) ပြည့်နှစ်များကာလ စက်မှုခေတ်မတိုင်မီကထက် ၁ ဒသမ ၄၅ ဒီဂရီ ဆဲလ်စီးယပ်အထက် ပိုမိုမြင့်တက်ခဲ့ကြောင်း၊ စစ်တမ်းများအရ ၂၀၂၃ ခုနှစ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၇၄ နှစ်အတွင်း ကမ္ဘာ့အပူဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့ကြောင်းကို ဖော်ပြထားကြောင်း။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွင် အဓိကအရေးပါသည့် သစ်ပင်သစ်တောပြုန်းတီးမှုကိုကြည့်မည်ဆိုပါက ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ်ပျှမ်းမျှအားဖြင့် တစ်နှစ်ကို သစ်ပင် ၁၀ သန်းကျော် ပြုန်းတီးနေသည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၏ ထုတ်ပြန်မှုများအရ တွေ့ရကြောင်း။

ထိုသို့ ကမ္ဘာကြီးတွင် လူဦးရေတိုးပွားများပြားလာမှုနှင့် အတူ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းများချဲ့ထွင်လာမှု၊ ကမ္ဘာ့အပူချိန်မြင့်မားလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သစ်ပင်သစ်တောများပြုန်းတီးလာမှုစသည့် များပြားသော အခြေခံအကြောင်းများကြောင့် သဘာဝဘေးအန္တရာယ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပွား လာနေသကဲ့သို့ ဆိုးရွားသည့် သက်ရောက်မှုများသည်လည်း ပိုမိုပြင်းထန်လာသည်ကို အားလုံးကြားသိမြင်တွေ့နေကြကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ များပြားလာသကဲ့သို့ ကမ္ဘာ့နိုင်ငံများ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေကိုလည်း ဆန်းစစ်လေ့လာမှုများ ပြုလုပ်လာကြကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း (World Risk Index 2023)တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်မှုပြုထားပြီး ဖိလစ်ပိုင်နိုင်ငံက ညွှန်းကိန်း ၄၆ ဒသမ ၈၊ အင်ဒိုနီးရှားနိုင်ငံက ညွှန်းကိန်း ၄၃ ဒသမ ၅၀၊ အိန္ဒိယနိုင်ငံက ညွှန်းကိန်း ၄၁ ဒသမ ၅၂ နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း အမြင့်ဆုံးနိုင်ငံများအဖြစ် တွေ့ရပြီး မြန်မာနိုင်ငံက ညွှန်းကိန်း ၃၆ ဒသမ ၂၆ နှင့် အဆင့် (၆) နေရာတွင် ရှိကြောင်းကို ဖော်ပြထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝဘေး အန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရန်ကို အမြဲမပြတ်သတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်ထဲတွင် ပါကစ္စတန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့် အာရှတိုက်နိုင်ငံများ သာမက ဥရောပနိုင်ငံများမှာပါ ဖြစ်ပွားခဲ့သည့် များပြားပြင်းထန်လှသည့် ရေကြီး၊ ရေလျှံမှုဖြစ်စဉ်များကို ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ ပြယုဂ်အဖြစ် တွေ့မြင်နေကြရကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် လူသေဆုံးမှုများပြားပြီး ထိခိုက်ပျက်စီးမှုကြီးမားသည့် သဘာဝဘေး အန္တရာယ်ပေါင်း ၃၉၉ ကြိမ် ဖြစ်ပွားခဲ့ကာ လူပေါင်း ၈၆၄၇၃ ဦး သေဆုံးခဲ့ကြောင်း၊ ဘေးသင့်လူဦးရေ ၉၃ ဒသမ ၁ သန်းထိရှိခဲ့ပြီး စီးပွားရေးဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်းကို Emergency Events Database (EM-DAT) က မှတ်တမ်းပြုထားကြောင်း။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ကမ္ဘာပေါ်တွင် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်မှုအများ ဆုံးခံရသည့် နိုင်ငံများသည် အာဖရိကနိုင်ငံများဖြစ်ပြီး ကမ္ဘာ့ တိုက်ကြီးများထဲတွင် အမေရိက တိုက်သည် သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးဖြစ်ပြီး ၎င်း၏ နောက်တွင် အာရှတိုက်၊ အာဖရိက တိုက်၊ သမုဒ္ဒရာဒေသတွင်းနိုင်ငံ များနှင့် ဥရောပတိုက်တို့က အစဉ် လိုက်ရှိနေသည်ဟု (World Risk Report 2023)အရ သိရှိရကြောင်း။

**ဟန်ချက်ညီညီလုပ်ဆောင်**

ကမ္ဘာ့နိုင်ငံအများစုတွင် ရာသီ ဥတုပြောင်းလဲမှုဆိုးကျိုးကြောင့် မုန်တိုင်းဘေး၊ ရေဘေး၊ လေပြင်း ဘေး၊ မြေငလျင်ဘေးစသည်များ ဖြစ်ပွားခံစားနေရသကဲ့သို့ မြန်မာ နိုင်ငံတွင်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေလက မိုခါမုန်တိုင်း ဝင်ရောက် တိုက်ခတ်မှုကိုခံစားခဲ့ ရကြောင်း၊ သို့သော် ကြိုတင် ပြင်ဆင်မှုများ အားကောင်းခဲ့၍ လူသေဆုံးထိခိုက်မှုသည် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းနှင့်နှိုင်းယှဉ် ပါက အလွန်လျော့နည်းခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်း ညွှန်မှုနှင့် အမျိုးသားအဆင့်နှင့် တိုင်း/ ခရိုင်/ မြို့နယ်အဆင့်ဆင့် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ ၏ ဟန်ချက်ညီညီလုပ်ဆောင်မှု များကြောင့် မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိုလည်း အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင် ဘာလတွင် တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက် ရောက်မှုကြောင့် စံချိန်တင်မိုးရွာ သွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေကြီး ရေလျှံမှုများကို မြန်မာနိုင်ငံ အလယ်ပိုင်းတွင် နှစ်ပေါင်း ၈၀ ကျော်၊ ၁၀၀ အတွင်း မကြုံစဖူး ခံစားခဲ့ရကြောင်း၊ မိုးသည်းထန်မှု ကြောင့် လျှပ်တစ်ပြက်ရေကြီးပြီး တောင်ကျရေများ အရှိန်အဟုန် ပြင်းစွာ စီးဆင်းကာ တောင်ကျရေ နှင့်အတူ ပါလာသည့် သစ်ပင် သစ်တုံးများကျောက်တုံးကျောက် ခဲများ၊ နုန်းအနည်အနှစ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုး ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွား ခဲ့ကြောင်း၊ အိမ်ထောင်စု ရှစ်သောင်း ကျော်၊ လူဦးရေ တစ်သန်းနီးပါး ရေဘေးအန္တရာယ် တွေ့ကြုံခံစား ခဲ့ကြရပြီး သေဆုံး/ပျောက်ဆုံးသူ ၅၂၀ ရှိခဲ့ကြောင်း၊ တိရစ္ဆာန်ပေါင်း ၁ သိန်း ၈ သောင်းကျော် သေဆုံး ခဲ့ပြီး စပါးနှင့် သီးနှံစိုက်ဧက ခုနစ် သိန်းကျော် ထိခိုက်ခဲ့ရသကဲ့သို့ လမ်း၊ တံတား၊ စာသင်ကျောင်း၊ လျှပ်စစ်နှင့်ဆက်သွယ်ရေး အစရှိ သည့် ကဏ္ဍပေါင်းစုံတွင်လည်း ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း။

**စေတနာ၊ သဒ္ဓါတရား ထက်သန်စွာလှူဒါန်း**

နိုင်ငံတော်အစိုးရနှင့် ပြည်သူ လူထုပူးပေါင်းပြီး ရှာဖွေ၊ ကယ်ဆယ် ရေး အရေးပေါ်တုံ့ပြန်ရေးနှင့် ကူညီ ထောက်ပံ့ရေးလုပ်ငန်းများ အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ ရကြောင်း၊ မိတ်ဆွေနိုင်ငံများ၏ ပြည်တွင်း၊ ပြည်ပစေတနာရှင်များ ကလည်း ရေဘေးသင့်ဒေသများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ဆောင်ရွက်မှုများ တွင် စေတနာ၊ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းမှုများနှင့် အတူ အထူးသဖြင့် စေတနာရှင် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်း တစ်ခုချင်းနှင့် အသင်းအဖွဲ့ အလိုက် စုစည်းခြင်းတို့ဖြင့် အလှူ ငွေများကို လှူဒါန်းလျက်ရှိရာ ယနေ့အထိ နိုင်ငံတော်အဆင့် သုံးကြိမ်ဖြစ်ပြီး အလှူငွေရရှိမှု အနေဖြင့် ငွေကျပ် ၅၂ ဘီလီယံ ကျော် ထည့်ဝင်လှူဒါန်းကြရာ အံ့အားသင့်ဖွယ် ဖြစ်ကြောင်း၊ သာမန်အချိန်များ၌ မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ များသည် မိမိဒေသအလိုက် အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စီ လုပ်ကိုင်နေထိုင်ကြသော် လည်း နိုင်ငံတော်အတွင်း အရေး ကြုံလာပါက မေတ္တာစေတနာ ကိုယ်ချင်းစာတရား အပြည့်ဖြင့် ပေါင်းစည်း ညီညွတ်အားကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုသည် ယခုအကြိမ် သာမကဘဲ နိုင်ငံတော်၏ အတိတ် သမိုင်းကြောင်း တစ်လျှောက် အရေးကြုံတိုင်းတွင် ဆောင်ရွက် ခဲ့ကြသည်ကို မည်သူကမျှငြင်းပယ် နိုင်မည်မဟုတ်ကြောင်း၊ တစ်နည်း အားဖြင့် မြန်မာတို့၏စိတ်ဓာတ် ပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်ပန်းချီပြိုင်ပွဲတွင် ဒုတိယဆု ရရှိသူအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

အသက်ဆုံးရှုံးရသူများအတွက် ဦးစားပေးအဖြစ် ကျန်ရစ်သူ မိသားစုများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက ပံ့မှန် ထောက်ပံ့ပေးနေမှုအပြင် အမျိုး သား သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံ ငွေနှင့် သက်ဆိုင်ရာတိုင်းဒေသ ကြီး/ ပြည်နယ်ရန်ပုံငွေများကပါ ထပ်ဆောင်းလျက် ပျမ်းမျှတစ်ဦး လျှင် ၁၀ သိန်း ထောက်ပံ့ခဲ့ပြီး ဖြစ်သကဲ့သို့ အိုးအိမ်ပျက်စီးမှုများ အတွက်လည်း ပျက်စီးမှုပမာဏ အပေါ်မူတည်ပြီး သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးရန်ပုံငွေမှ ထောက်ပံ့နိုင်ရေး စီစဉ်ပြီးဖြစ်၍ လက်ဝယ်အရောက်ပေးအပ်တော့ မည်ဖြစ်ကြောင်း။

အလားတူ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများအတွက် လည်း သင့်လျော်သည့်ထောက်ပံ့ မှုနှင့် အတိုးမဲ့ချေးငွေများ၊ သက်သာသော အတိုးနှုန်းနှင့် ချေးငွေများ စီမံဆောင်ရွက်ပေး ခြင်းတို့ကိုလည်း လျာထားစီမံခြင်း နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွဲဝေပေးခြင်း များ တစ်ပြိုင်နက်ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ လမ်း၊ တံတား များကိုလည်း လမ်းပန်းဆက်သွယ် မှု အမြန်ဆုံးရရှိအောင် နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ချက် ချမှတ်ပြီး နေ့မအား၊ ညမနား ကွင်းဆင်း ကြည့်ရှုဆောင်ရွက်ပေး လျက်ရှိကြောင်း၊ သဘာဝဘေး အန္တရာယ်တစ်ခု ဖြစ်ပွားခံစားရပြီ ဆိုပါကမည်မျှ ဖွံ့ဖြိုးတိုးတက် ပါစေ၊ ကြွယ်ဝချမ်းသာသောနိုင်ငံ ဖြစ်စေ၊ ထိခိုက်ဆုံးရှုံးမှုကို အနည်း နှင့်အများ ခံစားကြရကြောင်း။

သဘာဝ ဘေးအန္တရာယ်၏ သဘောသဘာဝအရ လုံးဝမဖြစ် အောင် ကာကွယ်တားဆီး၍ မရ နိုင်ခြင်းကြောင့် ဖြစ်ပွားလာသည့် အခါတွင် ထိခိုက်ဆုံးရှုံးမှုလျော့ နည်းအောင် စီမံဆောင်ရွက်ကြရ ကြောင်း၊ ထိုသို့စီမံဆောင်ရွက် သည့်နေရာတွင်လည်း ကဏ္ဍ တိုင်းတွင် ဖြစ်ပေါ်လာနိုင်မည့် ထိခိုက်ဆုံးရှုံးမှုများကို မြော်တွေး ပြီး ကြိုတင်စီမံကာကွယ်ဆောင် ရွက်ကြရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန် မိမိတို့အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် လည်း နိုင်ငံတကာ Disaster နှင့် ပတ်သက်ပြီး များစွာအတွေ့အကြုံ ရှိခဲ့သည့် ပြည်တွင်းပညာရှင်ကြီး များ ဦးစီးပြီး ဘေးအန္တရာယ်ပြ မြေပုံ ( Hazard Map) နှင့် ထိခိုက် ဆုံးရှုံးနိုင်ခြေပြမြေပုံ(Risk Map) ရေးဆွဲပြုစုရန် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် ကလေးမြို့ မြစ်သာမြစ် ရေလွှမ်းမိုး မှုမှတစ်ဆင့် post flood and landslide needs Assessment ပါ အကြံပြုချက်များကိုလည်း ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ လျှော့ချ လျော့ပါးရေးအတွက် ဆောင်ရွက်ရာတွင် အချို့ကဏ္ဍ များတွင် ငွေကြေးအရင်းအနှီး၊ လူသားအရင်းအမြစ် များစွာ လိုအပ်ပြီး အချို့ကဏ္ဍများတွင် မိမိတို့တွင်ရှိနေသည့် အရင်းအမြစ် များကို ကောင်းစွာအသုံးပြု ဆောင်ရွက်ပါက ရနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အရေးပါပြီး တန်ဖိုးဖြတ်၍မရသည့် အရင်း အမြစ်တစ်ခုမှာ မိမိတို့နိုင်ငံတွင် အားကောင်းစွာရှိပြီး ဖြစ်သည့် လူငယ်များပင်ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် လူငယ်လူရွယ် ဦးရေ ၁ ဒသမ ၂ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း အထိရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင် စာရင်းအရ လူငယ်လူရွယ်ဦးရေ သည် ၁၆ ဒသမ ၈ သန်းကျော်ရှိပြီး မြန်မာနိုင်ငံလူဦးရေ၏ ၃၃ ရာခိုင် နှုန်းရှိကြောင်း၊ UNICEF ၏ ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံး တွင်ရှိသည့် ကလေးငယ် တစ် ဘီလီယံသည် ရာသီဥတုပြောင်းလဲ မှုဆိုးကျိုးနှင့် နှီးနွယ်သဘာဝဘေး အန္တရာယ်များကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေ အလွန်မြင့်မားနေပြီး ကလေးငယ်ဦးရေ ၂၇ သန်းခန့် သည် ရေကြီး၊ ရေလျှံမှုနှင့်ဆက်စပ် သည့် ဘေးအန္တရာယ်ကို ခံစားခဲ့ရ သည်ဟု တွေ့ရှိရကြောင်း။

ကလေးငယ်များကို သဘာဝ ဘေးဖြစ်စဉ်များ၏ ဆိုးကျိုး သက်ရောက်မှုမှ လျော့နည်းစေရန် နိုင်ငံတွင်းအဆင့်နှင့် ဒေသဆိုင်ရာ အဆင့် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး မဟာဗျူဟာများ ချမှတ်ဆောင် ရွက်လျက်ရှိကြောင်း၊ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင် ခြေလျှော့ချရေးဆိုင်ရာ ကမ္ဘာ့ မူဘောင်ဖြစ်သည့် ဆန်ဒိုင်းမူဘောင် ၂၀၁၅-၂၀၃၀ နှင့်အညီ ရေးဆွဲ ဆောင်ရွက်ကြရန်နှင့် လူငယ် လူရွယ်များအားလုံး ပါဝင်သည့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင် ရေးဆိုင်ရာ အလေ့အထယဉ်ကျေး မှု ဖြစ်ထွန်းအောင် ဆောင်ရွက်ကြ ရန် လိုအပ်ကြောင်း။

**ပညာရေးနည်းလမ်းမှတစ်ဆင့် ဆောင်ရွက်**

လူငယ်လူရွယ်နှင့် ကလေးငယ် များ၏ စွမ်းဆောင်ရည်မြင့်မားစေ ရန် ပညာရေးနည်းလမ်းမှ တစ်ဆင့် ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရပြီး အားလုံးလွှမ်းခြုံ ပါဝင်သည့် သင်ကြားသင်ယူမှု ဝန်းကျင်ဖြစ်စေရန်၊ သဘာဝ ဘေးဒဏ် ကြံ့ကြံ့ခံနိုင်သည့် ကျောင်းများအဖြစ် တည်ဆောက် ပြုပြင်ရန်၊ ကျောင်းသင်ခန်းစာများ တွင် စာမျက်နှာ ၅ သို့ ☆

- သဘာဝဘေးအန္တရာယ်၏ သဘောသဘာဝအရ လုံးဝမဖြစ်အောင် ကာကွယ်တားဆီး၍ မရနိုင်ခြင်းကြောင့် ဖြစ်ပွားလာသည့်အခါတွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းအောင် စီမံ ဆောင်ရွက်ကြရ
- ထိုသို့ စီမံဆောင်ရွက်သည့်နေရာတွင်လည်း ကဏ္ဍတိုင်းတွင် ဖြစ်ပေါ်လာနိုင်မည့် ထိခိုက် ဆုံးရှုံးမှုများကို မြော်တွေးပြီး ကြိုတင်စီမံကာကွယ်ဆောင်ရွက်ကြရန်လိုအပ်
- သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း နိုင်ငံတကာ Disaster နှင့် ပတ်သက်ပြီး များစွာအတွေ့အကြုံရှိခဲ့သည့် ပြည်တွင်းပညာရှင်ကြီးများဦးစီးပြီး ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) ရေးဆွဲပြုစုရန် ဆောင်ရွက်နေပြီဖြစ်

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် UNDRR ၏ အကြီးအကဲ Mr.Karmal Kishore ထံမှ ပေးပို့သည့် သဝဏ်လွှာ




ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် နိုင်ငံအသီးသီးကို တိုက်တွန်းလိုတာကတော့ ကလေးငယ်များ၊ လူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ စွမ်းအားမြှင့်တင်ခြင်းတွေကို ပညာရေးမှတစ်ဆင့် ပိုမိုဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့အနေနဲ့ ကျောင်းဆောက်လုပ်တာတွေကို သေသေချာချာ ဆောင်ရွက်ရပါမယ်။ အားလုံးအကျုံးဝင်လွှမ်းခြုံတဲ့ ပညာရေးစနစ်ကိုရရှိဖို့ အားထုတ်ကြိုးပမ်းရာမှာ တည်ဆောက်တဲ့ ကျောင်းတစ်ကျောင်းချင်းစီတိုင်းကို တည်ဆောက်တဲ့ဒေသမှာ ဖြစ်ပွားနိုင်ခြေရှိတဲ့ အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်တွေကို ကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်ကြဖို့ ဖြစ်ပါတယ်။

ကျောင်းတွေ တည်ဆောက်ပြီးတဲ့နေရာဒေသတွေမှာလည်း အဆိုပါကျောင်းတွေကို အားဖြည့်မွမ်းမံခြင်းကို စတင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ သို့မှသာ အဆိုပါကျောင်းတွေအနေနဲ့ ဖြစ်ပွားလာနိုင်ခြေရှိတဲ့ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မှာဖြစ်ပါတယ်။

ဒုတိယဆောင်ရွက်ရမယ့်အချက်ကတော့ ကျွန်တော်တို့ရဲ့ ကလေးငယ်တွေအားလုံး အကောင်းဆုံးအဖြစ်နိုင်ဆုံးသောသတင်းအချက်အလက်တွေနဲ့ အသိပညာဗဟုသုတတွေကိုသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုရဲ့ အမျိုးမျိုးသော ရှုထောင့်တွေကနေ လက်လှမ်းမီနိုင်ကြစေဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကလေးငယ်တွေအနေနဲ့ သူတို့ရင်ဆိုင်ကြုံတွေ့နိုင်ခြေရှိတဲ့ ဘေးအန္တရာယ်တွေကို သဘောပေါက်နားလည်ထားသင့်ပါတယ်။

ကလေးငယ်တွေဟာ အသိပညာ ဗဟုသုတတွေ ပြည့်ဝစွာ ဖြည့်ဆည်းခံထားရသင့်ပါတယ်။ အကြောင်းကတော့ ကလေးငယ်တွေအနေနဲ့ ဘေးအန္တရာယ်တွေကို ရင်ဆိုင်တုံ့ပြန်နိုင်ဖို့၊ ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရာမှာ မိမိကိုယ်ကို ဘေးကင်းအောင် ဆောင်ရွက်နိုင်ဖို့နဲ့ သူတို့ မိသားစုတွေဆီကို သတင်းစကားကို သယ်ဆောင်သွားဖို့ ဖြစ်ပါတယ်။ သို့မှသာ ကလေးငယ်တွေအနေနဲ့ သူတို့ရဲ့ မိဘတွေ သူတို့ထက်ကြီးတဲ့သူတွေနဲ့ ပြန်လည်မျှဝေနိုင်မှာဖြစ်ပြီး အတူတကွ လုပ်ဆောင်နိုင်စွမ်းမှာ ဖြစ်ပါတယ်။

သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေး ရင်းနှီးမြှုပ်နှံတယ်ဆိုတာ ဖြစ်လာနိုင်ခြေရှိတဲ့ ဘေးအန္တရာယ်တွေကို သဘောပေါက်နားလည်နိုင်စေဖို့နဲ့ လိုအပ်တဲ့ခြေလှမ်းတွေကို လှမ်းထားနိုင်စေဖို့ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ နိုင်ငံတိုင်းဟာ Comprehensive School Safety Framework (၂၀၂၂-၂၀၃၀)ကို သဘောတူလက်မှတ်ရေးထိုးထားကြပါတယ်။ အဆိုပါ Framework ဟာ Sendai Framework for Disaster Risk Reduction ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးနေတာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံအားလုံးကို မှာကြားချင်တာက ယင်းလုပ်ငန်းစဉ်အပေါ် အလေးအနက်ထားကာ ၂၀၃၀ ခုနှစ်မှာ ကမ္ဘာတစ်ဝှမ်း ဘေးကင်းလုံခြုံတဲ့ ကျောင်းများဖြစ်ဖို့ ရာနှုန်းပြည့်ဆောင်ရွက်ပြီးမြောက်အောင် ကြိုးပမ်းကြဖို့ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ပါမှ ကျွန်တော်တို့ဟာ တာဝန်သိစိတ်ဖြင့် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ပေးရာရောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်အတွက်၊ ကျွန်တော်တို့ရဲ့ လူမှုအသိုက်အဝန်းအတွက်၊ ကျွန်တော်တို့ အနာဂတ်မျိုးဆက်များအတွက် ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

For this year's International Day for Disaster Risk Reduction, we are calling on countries to do more to protect and empower children and youth through education.

First, we have to ensure that every single school that is built – in our efforts to achieve universal education – every single school that is built has to be built in a manner that it can withstand disasters that are likely to occur in the areas that they are built.

And where we already have schools, we have to begin to retrofit them so that they can withstand the hazards that they are exposed to.

The second ask we have is that all children must have access to the best possible information and knowledge on different aspects of disaster risk management.

They should be aware of the hazards that they are exposed to.

They should be fully equipped with knowledge to deal with those hazards to keep themselves safe in the face of those hazards and take this message home to their families as well so that they can challenge their parents. They can challenge their elder ones.

To invest in resilience, to be aware of the risks that they are exposed to and to take necessary steps.

The third ask we have is that all countries endorse the Comprehensive School Safety Framework 2022 to 2030, which supports the implementation of the Sendai Framework for Disaster Risk Reduction.

I would like all countries to sign off on that program and make sure that by 2030 we have 100% coverage in terms of school safety across the world if we do that, we will be really acting with a sense of responsibility towards ourselves, towards our society and towards our future generations.

Thank you.

☆ စာမျက်နှာ ၄ မှ

သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးဆိုင်ရာ သင်ခန်းစာများ ပိုမိုထည့်သွင်းသင်ကြားနိုင်ရန်လိုကြောင်း။

မျိုးဆက်သစ် လူငယ်များ၊ ကျောင်းသား ကျောင်းသူများတွင် ငယ်စဉ်ကတည်းက ဘေးအန္တရာယ်ဆိုင်ရာ အသိအမြင် ဗဟုသုတများ ပြည့်ဝနေစေရေး အစဉ်တစိုက် ဆောင်ရွက်ပေးရန်၊ ဘေးအန္တရာယ်ကြောင့် ပညာသင်ကြားရေး မထိခိုက်စေရန် အတွက် ဘေးအန္တရာယ်မှ ကြံ့ကြံ့ခံနိုင်သော စာသင်ကျောင်းအဆောက်အအုံများစွာ ပေါ်ထွန်းလာစေရေးလည်းလိုအပ်ကြောင်း။

စာသင်ကျောင်းများတွင် သဘာဝဘေး ဖြစ်လာပါက ဘေးကင်းစေရေး အစီအမံများနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခန်းများ တိုးတက်ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ပညာပေးနိုင်သည့် ကာတွန်း၊ ဓာတ်လမ်း၊ တေးဂီတ၊ ရုပ်ရှင်၊ ပြပွဲ၊ ပြိုင်ပွဲနှင့် လက်တွေ့လေ့ကျင့်နိုင်သည့်အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုကြောင်းနှင့် ယခုနှစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် United Nations Office for Disaster Risk Reduction (UNDRR) အကြီးအကဲ Mr. Karmal Kishore ကလည်း ကျောင်းနေအရွယ်ကလေးများမှ အဆင့်မြင့်ပညာရေး ကျောင်းသား ကျောင်းသူများအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာသင်ခန်းစာများ လေ့ကျင့်သင်ကြားပေးနိုင်ရေးကိုလည်း တိုက်တွန်းထားပါကြောင်း။

သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း၊ လျော့ပါးစေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ အားကောင်းစေရေးပင်ဖြစ်ကြောင်း၊ သဘာဝဘေးကို လျှော့ချနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ကြရာတွင် အနာဂတ်မျိုးဆက်သစ် လူငယ်များနှင့် ပြည်သူလူထု၏ စွမ်းပကားသည် အလွန် အရေးပါကြောင်းကို အားလုံးကသိရှိပြီး ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်တတ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ မှန်ကန်သည့် အသိပညာဗဟုသုတများ အတွေ့အကြုံ အလေ့အကျင့်ကောင်းများရှိကြစေရန်၊ သဘာဝဘေးအန္တရာယ်သည် နေရာအချိန်မရွေး ဖြစ်ပွားတတ်ခြင်းကြောင့် ဘေးအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်ကြရသည့်အခါ လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို သိရှိပြီး အတိအကျလိုက်နာဆောင်ရွက်ကြရန်အတွက် ကြိုတင်ကာကွယ်မှုနှင့် အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ကြရန် အရေးကြီးကြောင်း။

သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေကို ထိရောက်စွာ လျှော့ချနိုင်ရေးနှင့် ဘေးဒဏ် ကြံ့ကြံ့ခံနိုင်သည့် ငြိမ်းချမ်းသာယာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပိုမိုကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်နိုင်ရန် မျိုးဆက်သစ်များ၏ စွမ်းအားကို မြှင့်တင်ပေးပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် UNDRR ၏ အကြီးအကဲ Mr.Karmal Kishore ထံမှ ပေးပို့သည့် သဝဏ်လွှာ သတင်းစကားရုပ်သံနှင့် သဘာဝဘေးလျှော့ပါးရေး လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများက "သဘာဝဘေးဒဏ် ကြံ့ကြံ့ခံ မျိုးဆက်သစ်တို့ အားမာန်" တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အလွတ်တန်း အဆင့်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်ရှိ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေး ဝဲ၊ ယာ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး အောက်တိုဘာ ၁၃**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန် ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ ဝမ်းတွင်းမြို့နယ်နှင့်သာစည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေး ဝဲ၊ယာတွင် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကာ တပျော်တပါး စိုက်ပျိုးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်ပင်၊ သစ်တောများနှင့် သစ်တောဂေဟစနစ်များသည် လူသားများအတွက် လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကိုထောက်ပံ့ပေးနေပြီး ရာသီဥတုပြောင်းလဲခြင်းကိုလည်း ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းစသည့် ပတ်ဝန်းကျင်အား ထောက်ပံ့ပေးသည့် အကျိုးကျေးဇူးများစွာ ရရှိပါကြောင်း၊ မိတ္ထီလာခရိုင်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်အရ ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်းဘေး ဝဲ၊ယာတွင်ရှိ ကန္တာရသစ်ပင်များအား ရှင်းလင်း၍ ဒေသသစ်မျိုးများဖြစ်သည့် တမာ၊ ဇီး၊ သရက်ပင်များ တစ်အုပ်တစ်မစိုက်ပျိုးသွားရန် လမ်းညွှန်ချက်အရ ပြည်သူ့အင်အားရယူ၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စုစုပေါင်း ၂၃၅၇ ပင်ကို ယနေ့စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များသည် ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ ဗဟိုချက်ဖြစ်သည်ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အနာဂတ်မျိုးဆက်သစ်တို့အား အမွေပေးနိုင်ရေးတို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားကာ ကြိုးပမ်းကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ဖြစ်ထွန်းအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရန်ကုန်-မန္တလေးလမ်း၊ မိုင်တိုင်အမှတ် ၃၂၁/၁ မှ ၃၂၂/၂ အထိ လမ်းဘေး ဝဲ၊ယာ သတ်မှတ်နေရာများတွင် သစ်ပင်များကို လူထုအင်အားတစ်ထောင်ကျော်ဖြင့် တပျော်တပါး စိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ၂၀၂၄ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် လူထုဖြန့်ပျိုးပင်များအား အခမဲ့ဖြန့်ဝေ စိုက်ပျိုးခြင်းကို ပျိုးပင်ပေါင်း ၁၂၇၈၁၂၆ ပင်၊ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ၃၀ ကြိမ်၊ ပျိုးပင်ပေါင်း ၁၃၅၃၈ ပင်ကို စိုက်ပျိုးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









သတင်း-စာမျက်နှာ ၆



















# "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့" အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများ၊အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကြုံတွေ့နေရပါကြောင်း၊ ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ ရည်ရွယ်ချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပညာရေးကဏ္ဍ၌ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ပညာရေးဆိုင်ရာအဆောက်အဦများ တည်ဆောက်ပေးခြင်းဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအား ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများမှ ကာကွယ်ပေးရန်နှင့် လူငယ်များအား ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ပါးသက်သာစေရန်အတွက် ပညာရေးကဏ္ဍနှင့် လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ရေးကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရေးမှာ သဘာဝဘေးများကြောင့် ဆုံးရှုံးမှုလျော့ပါးနိုင်သမျှ လျော့ပါးရေးသည် အဓိကကျပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များအတွက် ကြိုတင်ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည်ဖြစ်ရာ ကျရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် UNDRR ၏ အကြီးအကဲ Mr.Karmal Kishore ၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် ပြောကြားသည့် သဝဏ်လွှာသတင်းစကားကို Video Clip ၊ သဘာဝဘေးလျော့ပါးရေးလှုပ်ရှားမှု မှတ်တမ်း Video Clip နှင့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေး တေးသရုပ်ဖော်မှတ်တမ်း Video Clipတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် တက်ရောက်လာသူများကို ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရေနစ်မြုပ်ခဲ့သော ရပ်ကွက်၊ ကျေးရွာရှိနေအိမ်များသို့ ကလိုရင်းဆေးခတ်ခြင်း ကွင်းဆင်းဆောင်ရွက်

**မိုင်းပန် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သော ရပ်ကွက်နှင့် ကျေးရွာရှိနေအိမ်များ သန့်စင် သန့်ရှင်းသောရေ ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းမှစ၍ ကလိုရင်းဆေးရည်ခတ်ခြင်း စတင်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သော ရပ်ကွက်နှင့်ကျေးရွာများသို့ မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာနိုင်လင်းထွန်း ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးမှူး ဦးသိန်းသန်းထွန်း ဦးဆောင်၍ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး အာဟာရဆရာမဒေါ်နန်းခမ်းမွမ်းနှင့် ကျန်းမာရေးဆရာမများက ကလိုရင်းဆေးရည်များခတ်ခြင်း အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်နှင့်ကျေးရွာများသို့ ယနေ့ညနေပြီးစီးအောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မိခင်နှင့်ကလေး ကျောင်းကျန်းမာ ရေးအာဟာရ ဆရာမထံက သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

## ရုရှားသဘာဝရွက်ဖျန်းမြေဩဇာ အသုံးပြုမှုသရုပ်ပြပွဲနှင့် နေကြာမျိုးစေ့များ ပေးအပ်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)တွင် ရုရှားသဘာဝရွက်ဖျန်းမြေဩဇာ သရုပ်ပြပွဲနှင့် နေကြာမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး RUMA ORGANIC ရွက်ဖျန်းသဘာဝမြေဩဇာကုမ္ပဏီမှ တာဝန်ရှိသူများက ရုရှားသဘာဝရွက်ဖြန်းမြေဩဇာအသုံးပြုမှုကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များအား မေးမြန်း ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက နေကြာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့် မြို့နယ်များသို့ နေကြာမျိုးစေ့များအား အသီးသီး ပေးအပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ RUMA ကုမ္ပဏီမှ တာဝန်ရှိသူများ တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးအရာရှိများ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌများ၊ အခြေခံသမဝါယမ အသင်းအမှုဆောင်များ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ကို(ဖန်ခါးမြေ)



# နားလည်မှု Understanding

ဒီတစ်ပတ်ရေးရမည့်အကြောင်း စဉ်းစားရင်း အကြောင်းအရာက ရှာမရဖြစ်နေသခိုက်ရှိသည့် စာအုပ်အချို့ ကောက်လှန်စဉ်၊ မကြာသော ရက်များမှ အကြောင်းမပြန် ဖုန်းမကိုင်သည့် မိတ်ဆွေတစ်ဦးထံမှ ဖုန်းခေါ်သံ ကြားလိုက်ရသည်။ ထိုမိတ်ဆွေက တိနိ(မင်းကွန်း) ဓမ္မပူဇာသဘင်အပြီး နှစ်ဦးလမ်းခွဲပြန်ခဲ့ချိန် မိမိနေရပ်သို့ ကောင်းမွန်စွာ ပြန်ရောက် မရောက် သိချင်နေ၍ ဖုန်းဆက်ထားခြင်း ဖြစ်သည်။ မိတ်ဆွေက "ဆရာဖုန်းခေါ်ထားတာ တွေ့တွေ့ချင်း ဖုန်းပြန်ခေါ်လိုက်တာ" "ခင်ဗျားဆက်ထားတာကြာပြီ"ဟုလည်း ဝန်ခံစကားနှင့် အချို့ပြောပြီး ဖုန်းက ကျသွားသည်။ ဖုန်းလိုင်းကျတာ ဖြစ်နိုင်သလို ပြန်ခေါ်စေချင်၍လည်း ဖြစ်နိုင်သည်။ သို့အတွက်ကြောင့် ငါးမိနစ်ခန့် စောင့်ပြီး ကျွန်တော်က ပြန်ခေါ်သည်။ ဖုန်းဝင်ပြီး စကားပြောခွင့်ရသည်။ နှစ်ဦးဝမ်းသာပီတိ ဖြစ်ရသည်။ သို့သော် အတွေးက ဖုန်းခေါ်ပြီး ပြန်ခေါ်ရသည့် ကိစ္စဖြစ်သည်။ ထိုမိတ်ဆွေသည် ကျွန်တော့်ထက် အသက်ကြီးပြီး ဘာသာရေးအပြင် လေးစားရသူဖြစ်ခြင်းကြောင့် ၎င်းအပေါ် အခြားအတွေး မဝင်ခဲ့ပါ။ စိုးရိမ်စိတ်၊ သံယောဇဉ်စိတ်ကြောင့် မိမိနေထိုင်ရာ ရေလယ်က ကျွန်းပေါ် ရောက်၊ မရောက် ဆန္ဒတစ်ခုတည်းသာရှိခဲ့သည်။ အများအားဖြင့် ဝေးလံဒေသ၊ ဖုန်းဘေလ်အခက်အခဲကြောင့် အရွယ်ကြီးသည့်အပေါ် မူတည်ပြီး ကိုယ်ကပြန်ခေါ်ရတာမျိုးလည်း ရှိတတ်ကြံုတတ်ကြပါသည်။ ဤကိစ္စမျိုးကလည်း ကြီးသူအပေါ် နားလည်မှုပေးခြင်းတစ်မျိုး ဖြစ်သည်။

သို့အတွက်ကြောင့် "နားလည်မှု"အကြောင်း ဆက်ရေးရန်ဖြစ်လာတော့သည်။ နားလည်မှု (ခေါ်) နားလည်ခြင်းကို မိသားစုများအကြား၊ ဝန်ထမ်းများအကြား၊ မိမိပတ်ဝန်းကျင်အကြား အမျိုးမျိုးသော အဖြစ်အပျက်များကို အကြောင်းပြုပြီး စာနာမှုပေးနေကြရသည်။ ဤအပြန်အလှန်အသုံးပြုနေသည့် နားလည်မှုကို ဆရာဘဝက မကြာခဏကြုံပြီး၊ အမေး၊ အဖြေပြုခဲ့ရသည့်နှစ်တွေလည်း မနည်းတော့ပါ။ တပည့်များကို သင်ရင်းမေး၊ တပည့်များက နားလည်ပါတယ်ဟု ဖြေက ဆရာက နားလည်ခြင်းကို ပီတိတစ်မျိုးအဖြစ် ခံစားရသည်။ ဥပမာ အင်္ဂလိပ်စာသင်ချိန် Do you understand? ဟုမေးက yes, understand ဟု ဖြေက နားလည်သည်ကို ကြိယာအနေဖြင့် သိရသော်လည်း၊ ယခု Understanding ဆိုသည်မှာ နားလည်မှု (ခေါ်)နားလည်ခြင်းသာ ဖြစ်သည်။ ၎င်းကို အင်္ဂလိပ် မြန်မာအဘိဓာန်တွင် (နာမ်အရ) N အဖြစ် အသိဉာဏ်၊ ဆင်ခြင်သုံးသပ်တတ်သည့် သတ္တိ၊ တတ်သိနားလည်သောအရည်အချင်း၊ သဘောတူညီချက် (A good understanding of the problem) Adj နာမဝိသေသနအဖြစ်သိမှတ်သည့် ဉာဏ်ရှိသောဟု အဓိပ္ပာယ်ရနေပါသည်။ နားလည်မှု(ခေါ်) နားလည်ခြင်းကို သာမန်ကိစ္စမျိုးတွင် လွယ်လွယ်နှင့်ဖြေရှင်းရသလို ပြီးဆုံးပြီဟု ထင်မှတ်ပြီးမှ အချို့မပြီးဆုံးတာတွေလည်း ရှိနေပြန်ပါသည်။

နားလည်မှုဟူသည် အပြန်အလှန်အပေးအယူသဘောရှိပြီး၊ အလွယ်"န-လ-မ"ဟု လည်း ခေါ်ကြသည်။ သာမန်ကိစ္စမျိုး၊ မတော်တဆဖြစ်ခဲ့လို့(ကြုံလို့) တစ်ဖက်က ပြန်၍နားလည်မှုပေးခြင်းသည် မြန်မာမှုနယ်ပယ်၌ ဝမ်းသာကြည်နူးမှုဖြစ်ရသလို နှစ်ဦးနှစ်ဖက် အဆင်ပြေမှုကို ရစေပါသည်။ အချို့ကိစ္စများတွင် အပြန်အလှန်နားလည်မှုအတွက် တစ်ဖက်လူက မိမိနစ်နာမှုကို ပြန်တောင်းပန်ခိုင်းသည်လည်း ရှိနေပြန်သည်။ အချို့ကြလည်း ထိခိုက်နစ်နာမှုအတွက် ပြန်၍ပြုလုပ်နိုင်ရန် နစ်နာကြေးပေးပြီး နှစ်ဦးနှစ်ဖက်နားလည်မှုကို ငွေအသပြာဖြင့် လဲလှယ်ပြီးမှ ပြီးဆုံးသွားတာမျိုးလည်း ရှိနေပြန်သည်။ အမှန်အားဖြင့် နားလည်မှုခေါ် နားလည်ခြင်းသည် လူနှစ်ဦးဖြစ်ပျက်နေသည့် အကြောင်းအရာအပေါ် မူတည်ပြီး နှစ်ဖက်ကျေအေးရခြင်းသာဖြစ်သည်ဟု နားလည်ထားမိသည်။ ဤတွင် နားလည်ခြင်းကို အထက်က ဖော်ပြထားသည့်အတိုင်း အသိဉာဏ်၊ ဆင်ခြင်သုံးသပ်တတ်သည့် သတ္တိ၊ တတ်သိနားလည်သော အရည်အချင်း၊ သဘောတူချက် စသည်တို့က နှစ်ဦးနှစ်ဖက်လုံးတွင် ပြည့်စုံနေကြရမည်ဖြစ်သည်။ သို့မှသာ ဖြစ်သည့်အကြောင်းအရာ၏ အတိမ်အနက်ကို နှစ်ဦးနားလည်ပြီး (ကုစားနိုင်ပြီး) ပြီးဆုံးမည်ဖြစ်သည်၊ ဤသို့မဟုတ်က နားလည်မှု မရဘဲ ငါက သိက္ခာအတွက်၊ ငါက နာမည်တစ်လုံးအတွက်၊ ငါက ထိခိုက်နစ်နာမှုအတွက် ငါ အစွဲစွဲပြီး ရှေ့တန်းတင်နေသမျှ နှစ်ဦးဖြစ်သည့် ပြဿနာက မပြီးဆုံးတော့ဘဲ အမှုအခင်းဖြစ်ရကာ ရှေ့နေထံသို့ ပုံ၍အပ်ကြရပါသည်။ ထိုအခါ နားလည်မှုက ညတာရှည် အိပ်မက်ဖြစ်ရပြီး နှစ်ဦးနှစ်ဖက် ပြေလည်မှုမရ ဖြစ်ကြရသည်။ ဤသည်လည်း နားလည်မှု Understanding ကြောင့်ပင် ဖြစ်သည်။

တစ်ဖန်အထက်က ဖော်ပြခဲ့သည့် ပြီးဆုံးသော်လည်း မပြီးဆုံးသည့် နားလည်မှုက ယနေ့လက်တွေ့နယ်ပယ်ဝယ် အမှုမဲ့အမှတ်မဲ့ကနေ လက်တွေ့ကြုံနေကြရသည်။ တစ်နည်းဆိုသော် တတ်သိနားလည်သော အရည်အချင်းနည်းပါးသောကြောင့်ဖြစ်သည်။ သို့ပါ၍ နားလည်မှု(ခေါ်) နားလည်ခြင်းသည် ကလေးတစ်ယောက် မိမိသင်ခန်းစာကို ဆရာကသင်၊ သင်တာကို တကယ်နားလည်သည်ဟု စိတ်အသိက ချက်ချင်း yes လို့ ဖြေတာမျိုးမဖြစ်စေရန် သတိထားဖို့လိုသည်။ ဥပမာ အကြောင်းအရာနှစ်ခု၏ ဖြစ်စဉ်ကို ချရေးရသော် တစ်ခါက လမ်းပေါ်ဆိုင်ကယ် အတိုက်ခံရသည့် အမျိုးသမီး၊ ဆိုင်ကယ်သမားက မိမိအမှားကိုဝန်ခံ၊ အမျိုးသမီးဒဏ်ရာ ရသွားတာကို အဆင်ပြေလား၊ ဆေးခန်းပို့ပေးရမလား၊ တာဝန်ကျေမေးရင်း ထိုအမျိုးသမီးက ဘာမှမဖြစ်ပါဘူးဟု ဆိုကာ ထ၍ လမ်းလျှောက်ကြည့်သည်။ သွေးပူနေစဉ် လျှောက်ရသည်။ ရပါတယ်ဟု ဖြစ်စဉ်အပေါ် နှစ်ဦးသဘောတူ နားလည်မှုပေးပြီးမှ ထိုအမျိုးသမီးအိမ်ရောက်ပြီး အိပ်ရာမှ မထနိုင်အဖြစ် ဖြစ်ရသည့်အကြောင်းက လွယ်လွယ်သဘောတူ နားလည်မှုပေးခြင်းက ကိုယ်အတွက် အဆိုးသာကြုံကြရသည်။ ဤသည်လည်း နားလည်မှု Understanding ကြောင့်ပင် ဖြစ်သည်။

နောက်အဖြစ်အပျက်တစ်ခုက မိဘနှစ်ပါးရှိစဉ်၊ မိဘစိတ်ချမ်းသာစေလိုသည့်ဆန္ဒ "အဖေတို့ အမေတို့ရေ သားက အကိုကြီးအဖအရာပါ။ တကယ်ဆို ကျွန်တော်ကတောင် လုပ်ကျွေးရမှာပါ။ ကျွန်တော်က တစ်အိုး တစ်အိမ်ထောင်နှင့်ဖြစ်ပြီး နေစရာလည်းရှိနေပြီ"ဟု ပြောပြီး "ကျန်နေတဲ့ အငယ်နှစ်ယောက်၊ အပျို၊ လူပျိုတွေကိုသာ အမွေပေးပါ"ဟု စကားဆိုထားသော်လည်း၊ မိဘနှစ်ပါး ခေါင်းချသွားသည်နှင့် မိဘရှိစဉ် ပြောခဲ့သည့် စကားနားလည်မှုက နှုတ်ကတိသာဖြစ်ခဲ့ရသည်။ ကာလတန်ဖိုးကတက် လောဘကဖက်ပြီး အတင်းစီမံတော့သည်။ အချို့ကိစ္စများသည် လွယ်လွယ်နားလည်မှုထားခြင်းကား ပြီးဆုံးမှုဖြစ်မလာတော့ချေ၊ အငယ်နှစ်ယောက်ကတော့ မသိနားမလည်တော့ "နှုတ်ကတိက" စိတ်တဒင်္ဂကို ခုတုံးလို လွယ်လွယ်အသုံးချခံလိုက်ရခြင်းမျိုးသာ ဖြစ်ခဲ့ရသည်။ ဤသည်လည်း နားလည်မှု Understanding ပင်ဖြစ်သည်။

ထို့အပြင် နားလည်မှုနောက်အဓိပ္ပာယ်တစ်မျိုးက "သဘောတူညီချက်"ဟု သိထားပြီး မည်သည့်နားလည်မှုမျိုးမဆို နှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိနေရပါမည်။ တစ်ဦးပေါ်တစ်ဦး အပြန်အလှန် လေးစားမှု၊ သစ္စာရှိမှု ဘာသာတရားအပေါ် အခြေခံမှု(ဥပမာ) စာနာမှုဟုခေါ်သော အရည်အချင်းအချို့ ပြည့်စုံနေက သေးသည့်ကိစ္စပဲဖြစ်ဖြစ်၊ ကြီးသည့်ကိစ္စပဲဖြစ်ဖြစ်၊ ကြီးသည့်အမှုငယ်နိုင်သလို၊ ငယ်တဲ့အမှုပျောက်နိုင်ပါသည်။ သို့သော် သာမန်မဟုတ်သည့် နားလည်မှုတွင် (ဥပမာ)ရာဇဝတ်မှု၊ တရားမမှု တစ်ခုခုဖြင့် ဖြေရှင်းရပါက ဥပဒေလမ်းကြောင်းအရ ရှေ့နေရှေ့ရပ်ဖြင့် ညှိနှိုင်းတိုင်ပင်ဖြေရှင်းမှသာ စစ်မှန်သော နားလည်မှုကို ရနိုင်ပါသည်။ "နားလည်မှု"ဟူသော စာလုံးသုံးလုံးသည် တိုသော်လည်း ကျန်တစ်ဖက်ဖက်က ငါအစွဲနှင့် လောဘ၊ ဒေါသ၊ မောဟ၊ သက္ကာရများ ရှိနေ၊ များနေသရွေ့ အလွယ်သည် အခက်ဘက်သို့ ဦးတည်ပြီးနေအုံးမည် ဖြစ်သည်။ ဤသည်လည်း နားလည်မှု Understanding ပင်ဖြစ်သည်။

သို့ပါ၍ အပြန်အလှန်"နားလည်မှု" ယူကြရာဝယ် စိတ်ဝမ်းကွဲနေသမျှ လွဲနေကြမည်ဖြစ်သည်။ လွဲနေတာကြာသမျှ အလွဲသံသရာသာ လည်နေဦးမည် ဖြစ်သည်။ ဇာတ်ကြီး(၁၀)ဘွဲ့တွင် ဘုရားအလောင်းတော် မဟော်သဓာ ဇာတ်အမရာဒေဝီ၏ ပရိယေသနခန်း၌ နားလည်မှု(ခေါ်) နားလည်ခြင်းကို ဆင်ခြင်သုံးသပ်တတ်သည့် သတ္တိ၊ တတ်သိနားလည်သော အရည်အချင်းတို့၏ ဂုဏ်ကို ပညာရှိသုခမိန် မဟော်သဓာနှင့် အမရာဒေဝီတို့က လက်တွေ့ပြလျက် အပြန်အလှန်နားလည်မှုယူကြပေသည်။ ၎င်းတို့နှစ်ဦးသည် နှုတ်မှမဖွင့်ဟဘဲ ဟန်ပန်အမူအယာဖြင့် မဟော်သဓာက အမရာကို အိမ်ထောင်ရှိပါသလားဟူသော အမေးအဓိပ္ပာယ်အား လက်သီးဆုပ်၍လည်းကောင်း၊ အမရာကလည်း ၎င်းတွင် ကာမပိုင်လင်ယောကျ်ားမရှိကြောင်း အဖြေအဓိပ္ပာယ်ကို လက်ဝါးဖြန့်ပြ၍ နားလည်မှု Understanding ရသွားကြပေသည်။ ထို့ကြောင့် နားလည်မှုရခြင်းသည် လေးစားမှုကိုသော်လည်းကောင်း၊ ယုံကြည်မှုကိုသော်လည်းကောင်း၊ သစ္စာတရားကိုပါ နောက်ဆက်တွဲ တည်ဆောက်ယူနိုင်သကဲ့သို့ အပြန် အလှန် ပေးဆပ်မှုမျိုးမရှိဘဲ မည်သည့် နားလည်မှု အစစ်ကိုမျှ မရရှိနိုင်ပါဟု နားလည်မိပါသည်။

သို့အတွက်ကြောင့် "နားလည်မှုယူသူအားလုံး"သည်

မဟော်သဓာနှင့် အမရာကဲ့သို့ ဆင်ခြင်သုံးသပ်နိုင်စွမ်း ရှိကြပါစေ။

တတ်သိနားလည်သော အရည်အချင်းတို့ဖြင့်လည်း ပြည့်စုံကြပါစေဟု နိဂုံးအဆုံးသတ်လိုက်ရပါသည်။

**အိုးဝေ(မြေနီကျင်း)**

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၇ရက်က မျက်စိခွဲစိတ်ကုသမှု ခံယူထားသော ဒေါက်တာဒေါ်မြမြသန်း(ရူပဗေဒ)အား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအဖွဲ့ဝင်များက နေအိမ်သို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြု ငွေကျပ် သုံးသိန်း ပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။

အလားတူ မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစုလူမှုကူညီရေးရန်ပုံငွေပဒေသာပင်မှ ငွေကျပ် နှစ်သိန်းကိုလည်း ဆရာမကြီးအား ဂါရဝပြု ကန်တော့ခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး၂၀၂၄ခု၊ အောက်တိုဘာ ၇ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၁၁၇ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြု ငွေကျပ် ၅၄၄ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

(ဝ၄၅)





## မန္တလေးတိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်း

**မြစ်သား အောက်တိုဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလဆန်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုနှင့်ရေလွှမ်းမိုးမှု ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် မြစ်သားမြို့နယ်၊ ညောင်ဝန်းကျေးရွာ၊ ညောင်ဝန်းဘုန်းတော်ကြီးကျောင်းနှင့်ပတ်ဝန်းကျင်အတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့် ရေများ၊ ရွှံ့နွံများအား ရှင်းလင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီးသတ်စက်များ အသုံးပြု၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သယ်ဆောင်လာသော စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို လည်းကောင်း၊ ၁၆(မိုင်)ကျောက်ချောစစ်ဆေးရေးစခန်း၌ တန့်ယန်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုလည်းကောင်း၊ ပလိပ်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်အနီး၌ ရပ်တန့်ထားသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၀၊ လုပ်ငန်းသုံး ပစ္စည်း ၁၁မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitdubushi Fuso Truck တစ်စီးကိုလည်းကောင်း၊ စဉ့်ကိုင်တိုးဂိတ်အကျော်၌ နမ့်လန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(**မန္တလေးနေ့စဉ်သတင်းဖွဲ့**)





## အောင်မြေသာစံမြို့နယ်တွင် ငွေစက္ကူအတုများ ဖမ်းမိ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နှင့်မင်းတဲအီကင်းရပ်ကွက်တွင် အမျိုးသား၊ အမျိုးသမီး ၃ဦးအား တစ်သောင်းတန် ငွေစက္ကူအတုများနှင့် ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ရက်၊ မွန်းလွဲ ၂နာရီ ၄၅မိနစ်က အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ဇင်သော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၅)မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ရှယ်လိန်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် အောင်မြေသာစံရပ်ကွက်၊ ၈၆လမ်း၊ ၁၉လမ်းနှင့်၂၀လမ်းကြားတွင် ပိတ်ဆို့စစ်ဆေးနေစဉ် ၁၉လမ်းအတိုင်း အရှေ့မှအနောက်သို့ MDY/48W Scoopy ဆိုင်ကယ်မောင်းနှင်လာသူ နွယ်နီကျော်ဝင်းဆိုသူ၏ ဆိုင်ကယ်ရှေ့ ပွကြား၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ငွေစက္ကူအတုဟုယူဆရသောတစ်သောင်းတန် ၅၃၀ရွက်အား သိမ်းဆည်းရမိခဲ့ကြသည်။

ထို့အပြင် ပူးပေါင်းအဖွဲ့သည် နွယ်နီကျော်ဝင်း၏ ထွက်ဆိုချက်ဖြင့် ၈၉လမ်း မင်းတဲအီကင်းရပ်ကွက်နေ ကျော်ဇင်သက်အိမ်အား သွားရောက်ရှာဖွေရာမှ ကျော်ဇင်သက်၊နွေးရတီထက်ဆိုသူတို့အားတွေ့ရပြီး နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းရှိ Computer System Unit Box အတွင်း သို့ဝှက်လျက် မြန်မာငွေစက္ကူအတုဟုယူဆရသော တစ်သောင်းတန် ၃၇၀ရွက်အား တွေ့ရှိသဖြင့် ထပ်မံသိမ်းဆည်းခဲ့သည် ။

အဆိုပါ တစ်သောင်းတန်ငွေစက္ကူများအား လက်ဝယ်ထားရှိသူ ကျော်ဇင်သက်(၃၁နှစ်)၊ နွေးရတီထက်(၃၂နှစ်)၊ နွယ်နီကျော်ဝင်း(၄၈နှစ်)ဆိုသူတို့အား ဥပဒေအရ အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

## ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းတွင် (၆)ဘီးယာဉ် အထက်ရိုးတံတားလက်ရမ်းအား ဝင်ရောက်တိုက်မိ၍ ပျက်စီး ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းမကြီး ထန်းချောက်တောကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၈/၃)နှင့်(၈/၄) ကြားတွင် ကျောက်ပန်းတောင်းမှ မိတ္ထီလာမြို့သို့ မောင်းနှင်လာသော CANDA အမျိုးအစား အဖြူရောင်(၆)ဘီးယာဉ်သည် အောက်တိုဘာ ၁၂ရက် နံနက် ၃နာရီခန့်က အထက်ရိုးတံတားလက်ရန်းအား ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းကားရှေ့ခန်းတွင် ညှပ်နေကြောင်းသတင်းရရှိသဖြင့် မိတ္ထီလာခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် ၁စီး၊ သီးကုန်းအမြန်လမ်း မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်းအပါအဝင် အမျိုးသား ၃ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား သီးကုန်းအမြန်လမ်း ကြက်ခြေနီတပ်ဖွဲ့မှ သူနာတင်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)






## ကားတစ်စီးချောင်းရေစီးနှင့်အတူ မျောပါမှုဖြစ်ပွား

**မကွေး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ဝွေးပင်ချောင်ကျေးရွာနှင့်သံဇလုံကျေးရွာသွားလမ်းတွင် မော်တော်ယာဉ်တစ်စီး ဝွေးပင်ချောင်ချောင်း ဖြတ်မောင်းစဉ် ရေစီးနှင့်အတူ မျောပါမှု အောက်တိုဘာ ၁၀ ရက် ည ၉ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ ဆိပ်ဖြူမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး လူနှင့်အခြား တစ်စုံတစ်ရာထိခိုက်မှုမရှိသော်လည်း မော်တော်ယာဉ် ရှေ့ခြမ်း ကြေမွပျက်စီးခဲ့ကြောင်း သိရသည်။ (**အပေါ်ပုံ**)(၀၅၇)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

# နိုင်ငံတကာ အားကစား သတင်းများ



## ပေါ်တူဂီအသင်းက ပိုလန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၃**

ယူအီးအက်ဖ်အေနေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ပိုလန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၆မိနစ်တွင်ဘာနာဒိုဆေးလ်ဗား၊ ပွဲချိန် ၃၇မိနစ်တွင် စီရော်နယ်လ်ဒို၊ ပွဲချိန် ၈၈မိနစ်တွင် ဘန်နာရာ (OG)တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပေါ်တူဂီအသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၆ရက်တွင် စကော့တလန်အသင်းနှင့် ထပ်မံ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ အက်ဒီဟောင်း နယူးကာဆယ်အသင်းတွင်သာ ဆက်ရှိသွားမည်



**လန်ဒန် အောက်တိုဘာ ၁၃**

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက မိမိအနေဖြင့် နယူးကာဆယ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန် အင်္ဂလန်လက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စိတ်ဝင်စားခြင်းခံနေရသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ အက်ဒီဟောင်းသည် နယူးကာဆယ်အသင်းအား ၂၀၂၁ခုနှစ် နိုဝင်ဘာလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၃၄ ပွဲတွင် ၆၄ပွဲနိုင်၊ ၃၄ပွဲသရေ၊ ၃၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြ အက်ဒီဟောင်းက "ကျွန်တော် နယူးကာဆယ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းက ကျွန်တော်ရဲ့ အိမ်ပါပဲ။ ဒီအသင်းကို အောင်မြင်မှုတွေများစွာ ရယူပေးသွားချင်ပါသေးတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jannik Sinner တက်ရောက်

**ရှန်ဟိုင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။




အဆိုပါ အီတလီ တင်းနစ်ကစားသမား Jannik Sinner သည် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား Tomas Machac အား ၆-၄၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## အယ်လ်ဗာရိုဖာနန်ဒက်ဇ်အား ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**မက်ဒရစ် အောက်တိုဘာ ၁၃**

စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် ဘင်ဖီကာအသင်း နောက်ခံကစားသမား အယ်လ်ဗာရိုဖာနန်ဒက်ဇ်အား ခေါ်ယူရန်အပြိုင် စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၉ ပွဲကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပိန်လာလီဂါကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းကလည်း အယ်လ်ဗာရိုဖာနန်ဒက်ဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းထံမှ အယ်လ်ဗာရိုဖာနန်ဒက်ဇ်အား မည်သည့်အသင်းက လက်ဦးမှု ရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## အဲရစ်ဆင်အား အေဂျက်စ်အသင်း ခေါ်ယူဖွယ်ရှိနေ



**လန်ဒန် အောက်တိုဘာ ၁၃**

အေဂျက်စ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဝါရင့် ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူသွားဖွယ်ရှိနေသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားကာ ခြောက်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုယ်တိုင်ကလည်း မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်း ထပ်မံတိုးမည်မဟုတ်ဘဲအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေဂျက်စ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဂျိုရယ်လ်မာတစ် ဘောလုံးကစားသမားဘဝမှ အနားယူ

**လီဗာပူး အောက်တိုဘာ ၁၃**

လီဗာပူးအသင်းနှင့် ကင်မရွန်းလက်ရွေးစင်အသင်း နောက်ခံကစားသမားဟောင်း ဂျိုရယ်လ်မာတစ် ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းလက်မဲ့ဖြစ်ကာ အသင်းသစ်ရှာဖွေခြင်းမရှိတော့ဘဲ ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိုရယ်လ်မာတစ် ကစားသမားဘဝတစ်လျှောက်တွင်လည်း ရှော်လ်ကေး၊ လီဗာပူး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ကင်မရွန်းအသင်းနှင့်လည်း ၂၀၁၀မှ ၂၀၁၅အထိ ပြိုင်ပွဲပေါင်း ၂၇ပွဲကစားပြီး ၁ဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဂျိုရယ်လ်မာတစ်သည် ဘောလုံးကစားသမားဘဝမှ အနားယူပြီးနောက် နည်းပြသင်တန်းများတက်ရောက်ပြီး နည်းပြတစ်ဦးအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာဦးမည်လည်းဖြစ်သည်။

**(အောက်ပုံ) (NGB)**




### နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၄-၁၀-၂၀၂၄ တနင်္လာနေ့ | မွန်းလွဲ ၁၂း၃၀နာရီ | နယူးဇီလန် - မလေးရှား |

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်-၄ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|---|
| ၁၄-၁၀-၂၀၂၄ တနင်္လာနေ့ | ည ၁၀း၃၀နာရီ | B | ၁ | ဂျော်ဂျီယာ - အယ်လ်ဘေးနီးယား | အယ်လ်ဘေးနီးယား ၀-၁ ဂျော်ဂျီယာ |
| ။ | ။ | C | ၁ | အဇာဘိုင်ဂျန် - ဆလိုဗက်ကီးယား | ဆလိုဗက်ကီးယား ၂-၀ အဇာဘိုင်ဂျန် |
| ၁၅-၁၀-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၁း၄၅နာရီ | A | ၂ | ဘယ်လ်ဂျီယံ - ပြင်သစ် | ပြင်သစ် ၂-၀ ဘယ်လ်ဂျီယံ |
| ။ | ။ | A | ၂ | အီတလီ - အစ္စရေး | အစ္စရေး ၁-၂ အီတလီ |
| ။ | ။ | A | ၃ | ဘော့စနီးယား - ဟန်ဂေရီ | ဟန်ဂေရီ ၀-၀ ဘော့စနီးယား |
| ။ | ။ | A | ၃ | ဂျာမနီ - နယ်သာလန် | နယ်သာလန် ၂-၂ ဂျာမနီ |
| ။ | ။ | B | ၁ | ယူကရိန်း - ချက် | ချက် ၃-၂ ယူကရိန်း |
| ။ | ။ | C | ၁ | အက်စ်တိုးနီးယား - ဆွီဒင် | ဆွီဒင် ၃-၀ အက်စ်တိုးနီးယား |
| ။ | ။ | B | ၄ | အိုက်စလန် - တူကီယဲ | တူကီယဲ ၃-၁ အိုက်စလန် |
| ။ | ။ | B | ၄ | ဝေးလ်စ် - မွန်တီနီဂရိုး | မွန်တီနီဂရိုး ၁-၂ ဝေးလ်စ် |

### ထိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပြိုင်ပွဲအမျိုးအစား |
|---|---|---|---|
| ၁၄-၁၀-၂၀၂၄ တနင်္လာနေ့ | ညနေ ၄း၀၀နာရီ | တာဂျီကစ္စတန် - ဖိလစ်ပိုင် | တတိယနေရာလုပွဲ |
| ။ | ည ၇း၃၀နာရီ | ဆီးရီးယား - ထိုင်း | ဗိုလ်လုပွဲ |



# မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး ရတနာပုံမြို့တည် နန်းတည်၊ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀လမ်းနှင့် ၁၂လမ်းကြား၊ ၆၂လမ်းနှင့် ၆၆လမ်းကြားရှိ အဆိုပါ ကုသိုလ်တော်ဘုရား မုခ်ဦးရှေ့တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်း၊လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူး ဦးကျော်လှိုင်၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့်၊ အတွင်းရေးမှူး ဦးတင်သန်းနှင့်အဖွဲ့ဝင်များ မန္တလေးတောင်ဂေါပကအဖွဲ့၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးရာဝန်ကြီး၊လူမှုရေးရာဝန်ကြီး၊ ဥပဒေချုပ်၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က (၁၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အား ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုကြကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ဆီမီးများ ဆက်ကပ်ပူဇော်ကြကာ စေတီတော်အား လှည့်လည်ဖူးမြော်ကြသည်။

အဆိုပါကုသိုလ်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ရက်မှ လပြည့်ကျော် ၃ရက်အထိ ကျင်းပမည်ဖြစ်ပြီး သံဃဒါန ဆွမ်း သပိတ်လုံးလောင်းလှူပွဲကို လပြည့်ကျော် ၂ရက်(အောက်တိုဘာ ၁၉) ရက် နံနက်အရုဏ်တက်တွင် ကုသိုလ်တော်ဘုရား ရင်ပြင်တော်၌ သံဃာတော် အပါး ၂၇၀၀ တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုများနဝကမ္မငွေများကို နှစ်စဉ်မပျက် လောင်းလှူပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၃)

## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေး) တို့ ပူးပေါင်းစီစဉ် ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် (၁၂၀)ကြိမ်မြောက် CTME အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

CTME အခမ်းအနားတွင် သဘာပတိများအဖြစ် ပါမောက္ခ ဦးအောင်ကျော်မင်း၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)အနာပေါက်ကုသမှုပညာဌာန တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၊ ဦးစန်းလွင် တိုင်းဒေသကြီးဦးစီးမှူး(ငြိမ်း) မန္တလေးတိုင်းဒေသကြီးတို့က ဆောင်ရွက်ကြပြီး သဘာပတိပါမောက္ခ ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးတင့်လွင်က အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးပေးသော ဦးခင်မောင်ကြည်၊ ဒေါ်ခင်စန်းလှနွယ်(သီဟရာဇာဆေးတိုက်) အောင်မြေသာစံမြို့နယ်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ဆက်လက်၍ "သက်တန့်အနာနှင့် သက်တန့်ဆေးအကြောင်း သိကောင်းစရာများ"အကြောင်းကို ဒေါ်နော်လုဒီ၊ နည်းပြ အနာပေါက်ကုသမှုပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)က ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ၊ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခ ဒွေးလွင်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများ၊မော်ကွန်းထိန်း ဦးမြင့်အေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ အမှုဆောင်များ၊တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၇၀)





## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (၃)လပတ်စာမေးပွဲများ ဖြေဆို

**အမရပူရ အောက်တိုဘာ ၁၃**

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ပုံမှန်)သင်တန်း ခြောက်မျိုးအား ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ အဆိုပါ သင်တန်းများအနက် လက်ရက်ကန်း ခြောက်လသင်တန်း သင်တန်းသား၊သင်တန်းသူများ၊ ရိုးရာလွန်းရာကျ အချိတ်သင်တန်းသား၊ သင်တန်းသူများသည် (၃)လပတ်စာမေးပွဲကို အောက်တိုဘာ ၇ရက်မှ ၁၁ရက်အထိ အဆိုပါ ရက်ကန်းကျောင်း စာဖြေခန်းများတွင် ဖြေဆိုလျက်ရှိသည်။ **(အပေါ်ပုံ)**

စာမေးပွဲဖြေဆိုရက် တတိယရက်တွင် လက်ရက်ကန်းခြောက်လ (ဒုတိယအကြိမ်)သင်တန်းသား၊ သင်တန်းသူများသည် အထည်ဒီဇိုင်းဘာသာရပ်ကိုလည်းကောင်း၊ ရိုးရာလွန်းရာကျအချိတ် ၆လ (ဒုတိယအကြိမ်) သင်တန်းသား၊ သင်တန်းသူများသည် ဒီဇိုင်းနှင့် ပင်စားဘာသာရပ်ကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။ (၀၄၅)

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

**ကျောက်ဆည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ပတ္တာကျေးရွာ တောင်သူ ဦးစိုးလင်း စိုက်ပျိုးထားသော ကွင်းအမှတ်(၂၀၉-ခ)၊ ဦးပိုင်အမှတ်(၀၃/၂) ရောမင်းစပါးမျိုး စိုက်ပျိုးထားသည့် လယ်(၂)ဧကတွင် ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေတာဝန်ခံနှင့် မျိုးစေ့တာဝန်ခံများဖြစ်သည့် ဒေါ်ရီရီဌေးနှင့်ဒေါ်မို့မို့စိုးတို့က ရေကြီးနစ်မြုပ်မှု ကြောင့် ထိခိုက်သောလယ်ယာ မြေများ ပြုပြင်ထိန်းသိမ်းရာတွင် လိုက်နာရမည့်အကြောင်းများနှင့် သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ရေကြီးနစ်မြုပ် ထိခိုက်ခဲ့သည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူ ဦးစိုးလင်းစိုက်ပျိုးထားသည့် ထိခိုက်ရောမင်း စပါးစိုက်ခင်းများအား ပြန်လည်ကုစားသည့်အနေဖြင့် သွင်းအားစုများအား စုပေါင်းကြဲပတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရ သည်။

(၄၈၅)

## ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ လှူဒါန်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ လူမှုကရုဏာလုပ်ငန်းများ မျှဝေ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ရေဘေးသင့် ပြည်သူများအတွက် အဝတ်အထည်များ လှူဒါန်းပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် Ayeyarwaddy International School Youths ForYouths အဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က လက်ခံရယူပြီး တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးဦးကျော်ကျော်က Youths ForYouths အဖွဲ့ဝင်များအား ကြက်ခြေနီအကြောင်း သိကောင်းစရာ၊မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်ကြက်ခြေနီအမှတ်အသားအကြောင်း၊ ရေဘေးသင့်ဒေသများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဆောင်ရွက်နေသည့် လူမှုကရုဏာလုပ်ငန်းများကို မှတ်တမ်းဓာတ်ပုံများဖြင့် မျှဝေခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုပါက မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဖုန်း ၀၉-၂၀၅၁၃၅၄၊ ၀၉-၉၇၇၁၁၅၆၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်ပြည်သူ**



## ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေနမျာတွင် ဆောင်းသီးနံငရုတ် စတင်စိုက်ပျိုး

**ရေနံချောင်း အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေနုများ၌ ငရုတ်ကို စတင်၍ အဓိကထား စိုက်ပျိုးနေကြပြီဖြစ်ကြောင်း တောင်သူများထံက သိရသည်။

"ကျွန်တော်တို့ ကိုင်းမြေနုများမှာ ငရုတ်ကို အဓိကထား၍ စိုက်နေကြပါတယ်။ ငရုတ်စိုက်ရာမှာ ငရုတ်ပျိုးပင်ကိုတော့ အပြင်က ဝယ်သုံးကြပါတယ်။ ငရုတ်ပျိုးဈေးမှာ အလျားအရှည် ဝါးတစ်ပြန်၊ အနံ လူကြီးလက်တစ်တောင်ပါ ပျိုးပေါင်တစ်ခုလျှင် ငွေကျပ် ၁၅၀၀၀ကနေ ၂၀၀၀၀၊ ဝန်းကျင်ဝယ်ရပြီး ယခုတစ်ပတ်မှာစိုက်နေကြပါပြီ" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နှစ်စဉ် ငရုတ်ကိုစိုက်ပျိုးကြပြီး ငရုတ်သီးပေါ်ချိန်၌ ပွဲရုံ၊ ပွဲစား၊ငရုတ်သီးခြောက်အရောင်းဆိုင်၊ ခွဲခြမ်းစက်များက ဝယ်ယူသောကြောင့် အရောင်းအဝယ် လိုက်ခဲ့သည်။

ယခင်နှစ် ဆောင်းသီးနံ ငရုတ်ကို ဧက ၈၂၉ဧက စိုက်ပျိုးပြီးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ **(အပေါ်ပုံ) (၄၇၂)**

ပွဲနွေးကမ္ဘာ
တားဆီးရာ
မြေရှာတစ်ခု
တောပြုစု။

## ၆၂လမ်း၊ မနော်ဟရီလမ်းမှ မြဝတီမင်းကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်း၊ ပလက်ဖောင်းနှင့် လမ်းကာတုံးများ အသစ်လဲလှယ်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလဆန်းမှစတင်ပြီး မန္တလေးမြို့တောင်မြောက်လမ်းမကြီးဖြစ်သော ၆၂လမ်း၊ ၃၅လမ်းမှ မနော်ဟရီလမ်းအထိ လမ်းဘေးဝဲယာ ပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်များ ထိုးဝင်မှုကြောင့် ပျက်စီးနေသော ရေမြောင်းများအား အသစ်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာပထမပတ်တွင် ပြီးစီးခဲ့သည်။ အလားတူ ယာဉ်ကြောအမှတ်အသားများလည်း ရေးဆွဲပေးလျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် မြဝတီမင်းကြီးလမ်းကြားတွင်လည်း မိုးရာသီလမ်းပေါ် ရေတင်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် အောက်တိုဘာလဆန်းမှ စတင်ကာ ထပ်ပိုးလွှာတင်ပြီး၊ လမ်းသားချဲ့ကာ ပေ ၆၀ အကျယ် နိုင်လွန်ကတ္တရာ လမ်းခင်းလျက်ရှိသည်။ အလားတူ ချမ်းမြသာစည်မြို့နယ်၊ ၆၅လမ်း၊ မြဝတီမင်းကြီးလမ်းမှ ၁၁၅လမ်းအထိ လမ်းသားတိုးချဲ့၍ ပေ ၃၀ အကျယ် နိုင်လွန်ကတ္တရာလမ်းခင်းပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**





## အလုပဖယောင်းတိုင်များ ပြုလုပ်နည်းသင်တန်းဖွင့်

**တပ်ကုန်း အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သင်ကြားပေးသည့် အလှဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် နည်းပြအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်စိုးလွင်တို့က မီးဖိုချောင်သုံးပစ္စည်းများအသုံးပြု၍ ဖယောင်းအရည်ကျိုနည်း၊ အရောင်ရောစပ်နည်း၊ ဖယောင်းအရည်များ မိုခွက်အတွင်း လောင်းထည့်နည်း၊ မီးစာထည့်နည်းနှင့် အလှဖယောင်းတိုင် ပြုလုပ်ပုံအဆင့်ဆင့်တို့ကို တက်ရောက်သင်ကြားသူများအား လက်တွေ့သင်ကြားပြသပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် Online မှ တစ်ဆင့် အသိပညာပေး အစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## သီတင်းကျွတ်ပိတ်ရက်တွင် ဝါးနက်ဆင်စခန်းသို့ လည်ပတ်ကြမည့် ခရီးသွားများအတွက် ပြင်ဆင်ထား

**မန္တလေး အောက်တိုဘာ ၁၃**

သီတင်းကျွတ်ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် မန္တလေးတိုင်းဒေသကြီး၊ ဝါးနက်ဆင်စခန်းသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားများအတွက် အနားယူအပန်းဖြေနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း ယင်းဆင်စခန်းတာဝန်ခံက ပြောသည်။

လပြည့်၊လကွယ်အခါကြီးရက်ကြီးများနှင့် ရုံးပိတ်ရက်များတွင် ဆင်စခန်းသို့ လာရောက်လည်ပတ်သူ ပုံမှန်ရက်ထက် ပိုမိုများပြားပြီး ဆင်အကြောင်း လေ့လာနိုင်မည့် ဆင်စခန်းပြတိုက်ငယ်တစ်ခုဖွင့်လှစ်ပြသထားသည်။

"လာရောက်အပန်းဖြေ၊ လာရောက်လည်ပတ်ရင်းနဲ့ ဆင်အကြောင်းလေ့လာနိုင်ဖို့အတွက် အရိပ်ကောင်းတဲ့ နေရာတွေမှာ ခရီးသွားတွေ နားနေနိုင်ဖို့ ဘန်ဂလိုပုံစံမျိုးတွေ၊ခုံတန်းလျားတွေ၊ လူအများနားနေဆောင်တွေနဲ့ မိသားစုလိုက်၊ အဖွဲ့လိုက် နားနေဆောင်တွေ ကြိုတင်ပြင်ဆင်ထားပါတယ်။ဒါ့အပြင် ကလေးတွေအတွက် ကစားဖို့နေရာတွေလည်းစီစဉ်ထားပါတယ်" ဟု ၄င်းက ပြောသည်။

မိသားစု(သို့မဟုတ်)အဖွဲ့လိုက် နားနေနိုင်ရန်နေရာမှာ ယခင်ရှိပြီးထက် နေရာ လေးနေရာ ထပ်တိုးပြုလုပ်ထားသဖြင့် စုစုပေါင်း ခြောက်ခုရှိ၍ ဧည့်သည်ပေါင်း ၂၀ ဦးခန့် နားနေနိုင်သည့် အဆောင် သုံးခု၊ သစ်သားထိုင်ခုံများ၊ ကွန်ကရစ်ထိုင်ခုံများ ပြုလုပ်ပေးထားကြောင်း၊ ဆင်စခန်းမိသားစုစိုက်ပျိုးထားသော တစ်ပိုင်တစ်နိုင် အော်ဂဲနစ်သီးနှံစိုက်ခင်းမှ သီးနှံများကိုလည်း အသုံးပြုနိုင်မည် ဖြစ်သည်။

"ဆင်စခန်းမိသားစုရဲ့ သီးနှံစိုက်ခင်းမှာ ချဉ်ပေါင်ပင်၊ရုံးပတီသီးပင်၊ ငွေးတောက်ပင်၊ ပိန္နဲပင်၊ သဘော်ပင်အပြင် မန်ကျည်းပင်ငယ်တွေ တန်းလျက်စိုက်ပျိုးထားတယ်။ စိုက်ခင်းထဲမှာ အပန်းဖြေအနားယူနိုင်သလို လိုအပ်ရင် ခူးဆွတ်အသုံးပြုနိုင်ပါတယ်" ဝါးနက်ဆင်စခန်းတွင် ဆင်စုစုပေါင်းဆင် ကိုးကောင်ရှိရာ ဆင်အမနှစ်ကောင်သည် ဆင်ကလေးလွယ်ထားရပြီး တစ်ကောင်မှာ ဆင်ပေါက်ကလေး၏ မိခင်ဖြစ်နေသဖြင့် ဝန်ဆောင်မှုမပြုစေဘဲ အနားပေးထားရာ ကျန်သည့်ဆင်ခြောက်ကောင်မှ ဘောလုံးကန်ခြင်း၊ ဆင်နှစ်ကောင်တွဲ၍ လမ်းလျှောက်ခြင်း၊ ပုသိမ်ထီးဆောင်းပြခြင်း၊သံစုံဘာဂျာမှုတ်ပြခြင်းစသည့် ဖျော်ဖြေမှုများဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ဆင်စခန်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး ဝင်ကြေးအဖြစ် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် အရွယ်မရွေး ငွေကျပ် ၁၀၀၀၊ ပြည်ပခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ပြည်တွင်းဧည့်သည်များအတွက် ဆင်စီးခမှာ ခရီးတို ၃၀၀၀ ကျပ်၊ ခရီးရှည် ၅၀၀၀ ကျပ်၊ ပြည်ပခရီးသွားများအတွက် ဆင်စီးခမှာ ခရီးတို၊ ခရီးရှည် ငွေကျပ် ၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

*-*-*-*-*

## ဝတ္ထုတိုကဏ္ဍ

# ထာဝရသစ္စာ

မင်းလပြည့်(ဟားခါး)



မိုးအကုန်ဆောင်းအကူး နှင်းမှုန်များ ထူထဲပိန်းပိတ်စွာ ကျနေသော်လည်း အေးချမ်းမှုဒဏ်က ထန်းထန်း၏ ဝေဒနာကို မငြိမ်းအေးနိုင်ပေ။ ခုတင်ပေါ်တွင် ဘယ်ညာလူးလိမ့်ရင်း စိတ်စောရင်မောစွာ ညအမှောင်ကို ဖြတ်သန်းခဲ့သည်။

သည်နေ့က ထန်းထန်းတစ်ယောက် ခွဲစိတ်ကုသထားသော မျက်နှာပေါ်က ပတ်တီးတွေ ဖြည်ရမည့်နေ့ဖြစ်သည်။ တစ်လက်စတည်း ဆေးရုံကဆင်းရမည့်နေ့လည်းဖြစ်သည်။ နံနက်ပိုင်းက ဆရာဝန်ကြီးကလည်း သူ့ကျန်းမာရေးမှတ်တမ်းဖိုင်ကိုကြည့်ပြီး ဆေးရုံကဆင်းခွင့်ပြုခဲ့သည်။

မကြာမီ သူနာပြုဆရာမတစ်ယောက် လာရောက်ပတ်တီးတွေ ဖြည်ပေးတော့မည်ဖြစ်သည်။ ထို့ကြောင့် ရွာက ကပါး(ဖေဖေ)နှင့် ကနူး(မေမေ)တို့အပြင် ဆွေမျိုးတချို့လည်း မနက်ကတည်းက ဆေးရုံရောက်နေကြသည်။ သူဟားခါးဆေးရုံသို့ တက်နေသည်မှာ နှစ်လပင်ကြာခဲ့ပြီ။ သည်နေ့က အပျော်ဆုံးနေ့။ ထန်းထန်း သူ့ကိုလာကြိုသော ဆွေမျိုးတွေထဲက သူအတွေ့ချင်ဆုံးသော လူတစ်ယောက်ကို ရှာဖွေနေသည်။

"ကနူး …ဆုန်ဆုန်လည်း မတွေ့ပါလား။ ဆေးရုံကို လိုက်မလာဘူးလား …"

ထန်းထန်းက ကနူးကို အလျင်စလို မေးလိုက်သည်။ ကနူးမျက်နှာက သိသိသာသာ ပျက်နေသည်။ ပြောသင့်မပြောသင့်လည်း ချိန်ဆနေပုံရသည်။

"သားရည်စား ချင်းမလေး ဆုန်ဆုန်က ရွာမှာ မရှိတော့ဘူး။ ရွာကနေပြောင်းသွားတာ တစ်လတောင်ရှိသွားပြီ …"

"ဗျာ …ဆုန်ဆုန်ရွာမှာ မရှိတော့ဟုတ်လား။ ဘယ်ပြောင်းသွားတာလဲ။ ကျွန်တော်လိုက်ရှာမယ်။ လိုက်ရှာမယ် …"

ထန်းထန်းက ပြောပြောဆိုဆို ခုတင်ပေါ်က ဆင်းလိုက်သည်။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းပင် မသိနိုင်တော့။

"ဟဲ့ ဟဲ့ အဲဒါဘယ်လိုက်မှာလဲ။ လိုက်စရာရှိရင်လည်း ပတ်တီးတွေဖြည်ပြီးမှ လိုက်သွားနော်။ ဒီပုံကြီးနဲ့ လိုက်သွားလို့ ဘယ်ဖြစ်မလဲ …"

တာဝန်ကျသူနာပြုဆရာမက ဖျောင်းဖျပြောဆိုရင်း ခုတင်ပေါ်ပြန်ထိုင်ခိုင်းလိုက်သည်။ ပြီးတော့ မျက်နှာပေါ် စည်းထားသော ပတ်တီးစတွေကို တစ်လွှာချင်းဖြည်ပေးလိုက်သည်။

လပြည့်ညသည် နှင်းမှုန်တွေကြောင့် မပီပိုးတဝါးဖြစ်နေသည်။ ပတ်ဝန်းကျင်မှ သစ်ရွက်သစ်ခက်တို့ လေတိုးသံ၊ ကြွေကျသံတို့ တဖျောက်ဖျောက် တဖျပ်ဖျပ် ကြားနေရ၏။ ထန်းထန်းသည် သူနှင့်ဝါးသုံးပြန်ခန့်အကွာတွင် အရာဝတ္ထုတစ်ခုကို မမိုတ်မသုန် လှမ်းကြည့်ရင်း နားနှစ်ဖက်ကလည်း သဘာဝအသံတွေလား၊ လေတိုးသံတွေလား၊ နာနာဘာဝ တောခြောက်သံတွေလား၊ လှေလာကြည့်ရှုနေသည်။ သူ့ရှေ့က သစ်ကိုင်းခွကြားတွင်တင်ပြီး ချိန်ရွယ်ထားသော တူမီးသေနတ်ကလည်း မြေပြင်ပေါ်က အရာဝတ္ထုနှင့် ဖြောင့်တန်းစွာရှိနေသည်။ သူ တစ်စုံတစ်ခုကို စောင့်နေခြင်းဆိုလည်း မမှား။

စင်စစ် မြေပြင်ပေါ်က အရာဝတ္ထုကြီးသည် သူနှင့်ဝါးသုံးပြန်ခန့်ကွာဝေးသော်လည်း ပိတ်ပိတ်သည်းသည်းကျနေသော နှင်းမှုန်တွေကြောင့် ဝိုးတဝါးသာ လှမ်းမြင်ရသည်။ သို့သော် ကိစ္စမရှိ၊ နေ့ခင်းဘက်မှ သည်သစ်ပင်ပေါ် လင့်စင်ထိုးတုန်းက ပစ်ကွင်းကို တစ်ခါတည်း ပုံသေရွေးချယ်ခဲ့ပြီးဖြစ်သည်။ လင့်စင်ပေါ်က အရာဝတ္ထုကြီးက အခြားတော့မဟုတ်။ ဝိညာဉ်မဲ့ နွားနောက်သေကောင်ကြီးပင် ဖြစ်လေသည်။

ထန်းထန်းတစ်ယောက် လင့်စင်ပေါ်တွင် ကျင့်သားရစွာထိုင်ရင်း မြေပြင်ပေါ်က နွားနောက်ကောင်ကြီးကို မျက်ခြည်မပြတ် ကြည့်နေသည်။ ထိုသို့ ကြည့်ရင်း သူ့ရင်တစ်ခုလုံး ခံပြင်းမှုတွေ၊ မကျေနပ်မှုတွေ၊ ယူကျုံးမရမှုတွေ၊ ကြေကွဲမှုတွေဖြင့် ဖြေမဆည်နိုင်အောင် ရင်နင့်ခံစားနေရသည်။

"ကိုလေ …ဆုန်ဆုန်ကို လက်ထပ်တဲ့အခါ တောင်းဖို့ နွားနောက်တစ်ကောင် မွေးထားတယ် …"

မှ သားအရိပ်အရောင်ကင်းသော ဖြူစင်သော သူ့သစ္စာစကားဖြစ်သည်။ သည်စကားကိုလည်း ဆုန်ဆုန်ကလည်း အကြွင်းမဲ့ယုံကြည်သည်။ တကယ်တော့ သူနှင့် ဆုန်ဆုန်ကား မကြာမီလက်ထပ်ကြတော့မည့် ချစ်သူရည်းစားတွေ ဖြစ်သည်။ မိဘချင်းကလည်း သဘောတူထားပြီးဖြစ်သည်။ သတို့သားလောင်းက သတို့သမီးလောင်းကို နွားနောက် တင်တောင်းရမည့်ထုံးစံက သည်ဒေသရှိ ချင်းမျိုးနွယ်တို့ ရိုးရာဓလေ့တစ်ခုပင်။

ထို့ကြောင့် သူလည်း နွားနောက်တစ်ကောင်ကို အရိပ်တကြည်ကြည့် မဖြစ်မနေ မွေးလာခဲ့သည်။ နွားနောက်တွေက နှာပေါက်ကျဉ်းတော့ နွားတွေကို နဖားကြိုးထိုး၍ မရပါ။ အမှတ်အသားလုပ်ပြီး တောထဲမှာ လွှတ်မွေးရမည့် တိရစ္ဆာန်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာဆောင်၊ ရိုးရာပွဲ၊ မသာပွဲ၊ အလှူအစား၊ ကြွေးယူကြွေးဆပ် စသည့် လူမှုရေးကိစ္စတွေမှာ သည်နွားနောက်တွေက မရှိ၍ မဖြစ်ချေ။

အခုလည်း ထန်းထန်းတစ်ယောက် မင်္ဂလာဆောင်ရန် တောထဲလွှတ်မွေးထားသော သူ့နွားနောက်ကို သွားဖမ်းသည်။ သို့သော် တောထဲတစ်နေရာတွင် ကျားကိုက်စားထားသည့် သူ့နွားနောက်ကြီးကို ရုတ်တရက်မြင်လိုက်ရတော့ ရင်ဆို့သွားသည်။ မင်္ဂလာဆောင်မည့် နွားနောက်ကို ကျားဆွဲသွားတော့၊ မင်္ဂလာပွဲလည်း ပျက်သွားခဲ့လေသည်။ သူ့ဘက်က ကတိပျက်သလိုဖြစ်၍ မျက်နှာပါ ပျက်ရသည်။ ဆုန်ဆုန်လည်း စိတ်ဆိုးသွားလားမသိ။

ထန်းထန်းတွေးနေရာမှ မြင်ကွင်းအောက်တွင် ရိပ်ခနဲ လှုပ်ရှားသွားသော အရာဝတ္ထုတစ်ခုကို သတိပြုမိလိုက်သည်။ သူ၏အာရုံများက စုစည်းမိသည်။ မျက်မှောင်ကုတ်၍ သေသေချာချာကြည့်လိုက်၏။ နွားနောက်သေကောင်နားတွင် သတ္တဝါကြီးတစ်ကောင်ရှိသည်။ ထိုသတ္တဝါကြီးက နွားနောက်သေကောင်ဘေးတွင် တရိပ်ရိပ်လှုပ်ရှားနေ၏။ သူ့နွားနောက်ကို ကိုက်သတ်သွားသော တရားခံဆိုတာ သေချာသွားပေပြီ။

သစ်ကိုင်းခွကြားတွင် တင်ထားသော တူမီးပြောင်းက ပစ်ကွင်းဆီသို့ အနေအထားမပျက်ရှိနေသည်။ သူက အသက်ကို အောင့်ထားလိုက်သည်။ ပြီးတော့ မောင်းခလုတ်ဆွဲထားသော သူ့လက်ညှိုးကို ညင်သာစွာ ဖြုတ်ချလိုက်၏။

"ဒိုင်း …"

"ဝေါင်း …"

ကျယ်လောင်စွာ မြည်ဟိန်းသွားသော တူမီးသေနတ်သံနှင့်အတူ ငယ်သံပါသော ကျားဟိန်းသံကြီးကား တိတ်ဆိတ်နေသော သန်းခေါင်ယံညဥ့်ကို ထွင်းဖောက်၍ တစ်တောလုံး တစ်တောင်လုံး ပွက်လောရိုက်သွားသည်။ ထန်းထန်းတစ်ယောက် ရင်ထဲတွင် ဝမ်းသာကျေနပ်မိသည်။ တဂိုဂိုညည်းရင်း တဝုန်းဝုန်းနှင့် လူးလိမ့်သံတွေကိုပါ ကြားနေရသည်။

ကျားသတ္တဝါတို့မည်သည် သူတို့ကိုက်စားထားသော အမဲကောင်ကို သူတို့နေရာသို့ ဆွဲသွားလေ့မရှိ။ သူ့ကိုကိုက်ထားသည့် နေရာမှာပင် မကုန်မချင်း လာလာစားကြသည်။ အခုတော့ သူ့နွားနောက်ကို အစာလုပ်သွားသော အနီ သတ္တဝါကြီးက တူမီးစာ ထိမှန်သွားပေပြီ။

နှင်းမှုန်ဖွဲဖွဲကျသော ပတ်ဝန်းကျင်သည် စောစောကအတိုင်း ဘာမှမဖြစ်ခဲ့သလို တိတ်ဆိတ်သွားပြန်သည်။ အပူချိန်ကျဆင်းမှုကြောင့် နှင်းမှုန်တွေက ပိုမိုသိပ်သည်းလာနေသည်။ လရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အဖြူအမည်းဝတ်ရုံကြီး ခြုံထားသလို ဖြစ်နေသည်။ သည်အချိန်ဆိုရင်တော့ ကျားကြီးဇီဝိန်ချုပ်လောက်ပြီဟု ထန်းထန်းတွေးရင်း ပြုံးနေမိသည်။

အချိန်ကလျင်မြန်စွာ ကုန်ဆုံးလာသည်။ ခပ်လှမ်းလှမ်းတောအုပ်ဆီမှ တောကြက်ဖ၏ အရုဏ်တက်လင်းကြက်တွန်သံကြားရသည်။ ထန်းထန်းသည် ကျားကြီးသေ၊ မသေ ကြည့်ချင်လှပေပြီ။ သို့သော် ပတ်ဝန်းကျင်က အလင်းမကွဲသေး။ မှောင်မှောင်မည်းမည်းနှင့် လင့်စင်ပေါ်ကဆင်း၍ မဖြစ်သေး။ လင့်စင်ပေါ်တွင် စိတ်ရှည်လက်ရှည်ထိုင်ရင်း မိုးအလင်းကို စောင့်နေ၏။ သည်လိုနှင့် အလင်းရောင်မြင်လာသည်။ သို့သော် နှင်းကွဲချိန်ထိ စောင့်ရသေးသည်။ တောအုပ်ထဲမို့ နှင်းမှုန်တွေ လျင်မြန်စွာ မလွင့်ပျံ့သေးပေ။

အသင့်ပါလာသော ပြောင်းတိုက်တံဖြင့် တူမီးပြောင်းထဲထိုး၍ သန့်ရှင်းရေးလုပ်သည်။ ပြီးတော့ ယမ်းမှုန့်နှင့် ခဲသီးငါးလုံးကို ပြန်ထည့်ထားလိုက်၏။ နေရောင်ခြည်ကြောင့် နှင်းမှုန်များ တဖြည်းဖြည်း သင်းပျံ့နေသည်။ သူလည်း လင့်စင်ပေါ်က ဆင်းလာသည်။ အောက်ရောက်ပြီး နွားနောက်သေကောင်ကြီးကို ကြည့်လိုက်တော့ ဘေးပတ်လည်တွင် သွေးကွက်တွေနှင့် မြေကြီးကုတ်ခြစ်ရာတွေ တွေ့ရသည်။

ထန်းထန်းသည် တူမီးသေနတ်ကို အသင့်အနေအထားကိုင်ရင်း သွေးစက်တွေအတိုင်း လိုက်လာခဲ့၏။ ချုံတွေကလည်း ကျားကြီးက လူးလိမ့်ရင်း ဒေါသတကြီး ကုတ်ခြစ်ကိုက်ဖြတ်ထားသဖြင့် ဆွတ်ကြေကြေကြီး ဖြစ်နေသည်။ သူက သွေးကွက်တွေကိုကြည့်ရင်း ကျားကြီးက တစ်နေရာရာမှာတော့ သေနေလောက်ပြီဟု တွေးလာသည်။ ပြီးတော့ သူ့မင်္ဂလာပွဲကိုပျက်စေသော ကျားကြီး၏ ခေါင်းကိုဖြတ်ပြီး အားပါးတရ အောင်ပွဲခံမည်ဟုလည်း စိတ်ထဲမှာ ကြုံးဝါးစိတ်ကူးလာသည်။

"ဝေါင်း …"

"ဒိုင်း …"

အတွေးပင်မဆုံးသေး။ တောင်စောင်းလေးအတိုင်း တက်လာသော သူ့ကို ဒဏ်ရာရထားသော ကျားကြီးက ခုန်အုပ်လိုက်သည်။ သို့ပေမယ့် သတိနှင့် တက်လာသော ထန်းထန်းက တူမီးနှင့် ရုတ်တရက်ထိုးခံရင်း ပစ်ထည့်လိုက်သည်။ ကျားကြီးနှင့် ထန်းထန်းကား လုံးထွေးလျက် တောင်စောင်းလျှိုထဲသို့ ပြုတ်ကျသွားကြသည်။ ကျားကြီးက ကျားနာခဲခဲကာ ထန်းထန်းအား ကိုက်သတ်ဖို့ ကြိုးစားလာသည်။

သည်တွင် ထန်းထန်းက သူ့မျက်နှာကို ကုတ်ဖဲ့ရင်း ကိုက်သတ်ဖို့ထိ ကြိုးစားလာသော ကျားကြီး၏လည်ပင်းကို ဆောင်ဓားတဆုံးမြုပ်အောင် အားကုန် ထိုးချလိုက်လေသည်။ သည်တော့မှ ကျားကြီးတစ်ကိုယ်လုံး တုံးခနဲ လဲကျသွားတော့သည်။ ထန်းထန်းလည်း ကျားကုတ်ဒဏ်ရာတွေဖြင့် သတိလစ်မေ့လျော့သွားခဲ့ပေပြီ။

သူနာပြုဆရာမသည် ထန်းထန်းမျက်နှာပေါ်က ပတ်တီးတွေနှင့်လက်မောင်းပေါ်က ပတ်တီးတွေကို တစ်စမကျန် ဖြည်ပေးလိုက်သည်။

"အိုး ….ဖြစ်မှဖြစ်ရလေ ထန်းထန်းရယ် ဟီးဟီးဟီး"

ကနူး(မေမေ)သည် သူ့သား ထန်းထန်းကို ပြေးဖက်ရင်း ယူကျုံးမရစွာ ငိုကြွေးလာတော့သည်။ ရုတ်တရက် ထန်းထန်းကြောင်သွားသည်။

"ကနူး ဘာလို့ငိုတာလဲ"

တစ်စုံတစ်ရာကို သတိရလိုက်သည်။ ခေါင်းရင်းက မှန်တစ်ချပ်လေးအား လှမ်းယူပြီး ကြည့်လိုက်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။



ရှေးဦးစွာ အခြေခံပညာဦးစီးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြုလုပ်မည့်အစီအစဉ်များတွင် ပါဝင်သည့်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်းနှင့် အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ပညာရေးမှူး၊ (ထက်၊ လယ်၊ မူ)အဆင့် ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများ၊ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့တွင် အကြိမ်(၉၀)မြောက် စာဖတ်ဝိုင်းကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် အကြိမ်(၉၀)မြောက် စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းက မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

"မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာဖတ်ရှိန် မြင့်မားရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်"ဟု မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက ပြောကြားသည်။

စာဖတ်ဝိုင်းတွင် စာရေးသူ ခင်စောတင့်ရေးသားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ကို ဖတ်ရှုဆွေးနွေးကြခြင်းဖြစ်သည်။ စာဖတ်ဝိုင်း၏အဖွင့်အမှာစကားကို မုံရွာမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်လွင်(မောင်စိန်လွင်-မင်းကင်း)က ပြောကြားပြီး မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာဖတ်ဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ပါ ဆောင်းပါးများမှ နှစ်သက်ရာ ဆောင်းပါးတို့ကို ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များ ဖြစ်ကြသည့် မြင့်အောင်(ရွှေဘိုသား)၊ အေးမင်းထက်(မုံရွာ)၊ ယဉ်မျိုးနုတင်(မုံရွာ)တို့နှင့်အတူ တက်ရောက်လာကြသူများက စာအုပ်ပါ ဆောင်းပါးများမှ နှစ်သက်ရာ ခေါင်းစဉ်တို့ကို အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများစာအုပ်တွင် ဘာသာပြန်ဆောင်းပါးပုဒ်ရေ(၃၈)ပုဒ် ပါဝင်ပြီး စာဖတ်ဝိုင်းများ ကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဖြန့်ဝေပေးပို့ထားခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၃၉၄)**








# ကျောက်ဆည်မြို့နယ်၊ ကလေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းငွေများ (တတိယအကြိမ်) ထုတ်ချေးပေး

**ကျောက်ဆည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အရောင်းအဝယ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အရင်းမပျောက် မ,တည်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းက ကလေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေများ(တတိယအကြိမ်) ထုတ်ချေးပေးခဲ့သည်။

ထိုသို့စီမံကိန်းချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ကျေးရွာမြစိမ်းရောင် စီမံကိန်းကော်မတီဝင်များ၊ ပြည်သူများအား တွေ့ဆုံပြီး ကလေးကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံသည့် ကျေးရွာဖြစ်သောကြောင့် ဒေသတွင်းစားသုံးဆီဖူလုံပို့လျှံရေး ဆီထွက်သီးနှံ စိုက်ပျိုးထုတ်မှုမြင့်မားရေးအတွက် ဆီထွက်သီးနှံစိုက်တောင်သူများအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းငွေများ ဦးစားပေးထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ ကလေးကျေးရွာမှ ဆီထွက်သီးနှံစိုက်ပျိုးသည့်တောင်သူ ၁၁၆ဦးအား (တတိယအကြိမ်) မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေကျပ် ၃၁၂၀၀၀၀၀ ထုတ်ချေးပေးခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ခြင်း၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာပြည်သူများမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မျှော်လင့်သောဘေးအန္တရာယ်များ ကျရောက်



လာပါက တုန့်ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၅)**

ဖတ်စရာ၊ မှတ်စရာ
ခံ့လင်
မန္တလေး

## လောကခံစွန်ဆန် ရှန်းထမာန်

* လောကခံမှု၊ ကြောင်းပြုမှန်စေ
ဘုရားမွှက်ကြား၊ တရားမြတ်တွေ
လိုက်နာပြုကျင့်၊ ဉာဏ်ဆင့်ဆောင်လေ
ဝင့်ဆင်းရဲ၊ စဉ်မြဲပျက်သုဉ်းပေ ။

* သံယာဆည်းကပ်၊ ပေးအပ်လှူမည်
မိဘကျေးဇူး၊ ဆံဦးထိပ်တည်
ပြည့်စုံကြွယ်ဝ၊ အေးမြဝေစည်
လျှောက်နေသောလမ်း၊ မပမ်းချမ်းသာသည် ။

* ဆရာဂုဏ်မြတ်၊ သိတတ်စေနော်
ချိန်ခါမလပ်၊ ပေးဆပ်ခါပျော်
ဝပ်တွားရိုကျိုး၊ ထမ်းပိုးဆောင်သော်
မြင့်ကြွင်န်း၊ တက်လှမ်းတောက်ပကျော် ။

* မြော်မြင်ချင့်တွေး၊ မနေးပေတယ်
ဖြစ်ပြီးပျက်တယ်၊ သိမှတ်ဉာဏ်ကြွယ်
ခန္ဓာအိမ်ကြီး၊ လောင်မီးသို့နယ်
မာန်မာန၊ ငြိမ်းမှ ပြစ်ကင်းမယ် ။

* မရပ်မနား၊ လျှောက်သွားလမ်းတွင်
မေတ္တာမျှလောင်း၊ မိတ်ပေါင်းချစ်ခင်
ဖယ်ခွာဒေါသ၊ မောဟကင်းစင်
ကမ်းလက်တွဲ၊ ခိုင်မြဲပြုံးပျော်ရွှင် ။

* အနန္တဂိုဏ်း၊ ခြုံသိုင်းဂုဏ်ရှိန်
မှန်စွာဆက်ထမ်း၊ ထက်နန်းရဝိန်
ဖြစ်တည်ဒုက္ခ၊ ကင်းပပျောက်မှိန်
ရှင်သန်သက်၊ ထက်မြက်ဝင်းလျှပ်ထိန် ။

* ချမ်းသာသုခ၊ တည်ရစေအောင်
မှောင်ကိုခွင်း၊ ကြည်လင်စိတ်အောင်
မကောင်းဖယ်ရှား၊ ဉာဏ်အားထွန်းပြောင်
ပြည့်စုံလှမ်း၊ မဂ်လမ်းအထွဋ်ခေါင် ။ ။

**သူ့ထက်ဆန်း(မန္တလေး)**

# သတင်းပဒေသာ

## ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေး

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသည့် အတွေးအမြင်ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက စာရေးဆရာမဇင် (ရန်ကုန်တက္ကသိုလ်) ရေးသားထားသည့် 'အိမ်အပြန်မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ စုစည်းမှု' စာအုပ်ဖြင့် ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကယ်ဆယ်ရေးပစ္စည်းပုံးများနှင့် ထောက်ပံ့ငွေများ ပေးအပ်

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မျောပါသွားသည့်နေအိမ် ၁၉၄ လုံးနှင့် တစ်စိတ်တစ်ပိုင်း မျောပါပျက်စီးသွားသည့် နေအိမ် ၂၉၇ လုံးအတွက် ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံးများနှင့် ထောက်ပံ့ငွေများကို ပုဗ္ဗသီရိမြို့နယ်၊ ဝက်ကုန်းကျေးရွာ အောင်မေတ္တာကျောင်းတိုက်နှင့် သရက်သမိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တို့၌ ယမန်နေ့ နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အသက် (၁၀၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို အောက်တိုဘာ ၉ရက် နံနက်ပိုင်းက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းများနှင့်တာဝန်ရှိသူများက ရပ်ကွက်၊ကျေးရွာများရှိ ဘိုးဘွားများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇နာရီမှ ညနေ ၆နာရီထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအသီးသီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကမ်းပြိုဘေးသင့်ခဲ့သူအား ရန်ပုံငွေထောက်ပံ့ပေးအပ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်တွင် စက်တင်ဘာ ၂၆ရက်ကဖြစ်ပွားခဲ့သည့် မြစ်သာမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုဘေးသင့်ခဲ့သည့် ဦးပြားဖေ၏ အိမ်ခြေ ၁လုံးနှင့် အိမ်ထောင်စု ၁စု လူဦးရေ ၇ဦးအတွက် ရန်ပုံငွေထောက်ပံ့ပေးအပ်မှုကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက မြို့မရပ်ကွက်ရှိ ဒက္ခိဏာရာမတောင်ကုန်းကျောင်းတိုက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒေသခံတောင်သူအသိပညာပေး ဟောပြော

မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရည်ရွယ်ချက်အနေဖြင့် ကန်လှကန်အုပ်စု၊ ခေတ်မီစံပြကန်လှကန်ကျေးရွာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်(၆)ရပ်အနက် ဒေသခံတောင်သူ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီက ကန်လှကန်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မစိုးရိမ်တိုက်သစ်ရှိ သံဃာတော် အပါး၂၆၀၀ တို့အား ဆွမ်း၊ဆွမ်းဟင်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော်တို့ကို အမှူးပြု၍ တိုက်တွင်းရှိ နာယကဆရာတော်၊စာချဆရာတော်၊ စာသင်သားသံဃာတော် အပါး ၂၆၀၀တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် ဝတ္ထုငွေဆက်ကပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့သည်။ **(အပေါ်ဝဲပုံ)**

အလှူရှင်မှာ နှစ်ဖက်မိဘများကို အမှူးထား၍ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်မှ ဦးတင်ပို၊ ဒေါ်စိန် (သား) မောင်စိန်လွင်+မအေးစန္ဒာကျော်၊(မြေး)မခြူးနီနီခေတ်၊(သား)မောင်ဟိန်းထက်အောင်+မသူဇာဦး၊ (မြေး)မသွန်းရတီထက်၊ (သား)မောင်အောင်ဇင်ဖြိုး သားသမီးမြေး မိသားစုတို့ ဖြစ်သည်။

လှူဒါန်းပွဲ အစီအစဉ်အရ နံနက် ၈နာရီခွဲတွင် သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ဆွမ်းဟင်းနှင့်ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး နံနက် ၉နာရီခွဲတွင် နိုင်ငံတော်သံဃနာယက အဖွဲ့၊ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ(သ-စ-အဓမ္မာစရိယ)၊ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချပေးခဲ့ပြီးနောက် ၁၀နာရီခွဲတွင် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကဆ)

## စန္ဒီမယ်တော်ပူဇော်ပွဲ စည်ကားစွာကျင်းပ ဘုရားကျောင်းများတွင် စတုဒိသာကျွေးမွေး

**မန္တလေး အောက်တိုဘာ ၁၃**

ဟိန္ဒူဘာသာဝင်များ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စန္ဒီမယ်တော် ရေမျှောပူဇော်ပွဲကို အောက်တိုဘာ ၁၂ရက် ညနေ ၃နာရီမှစတင်ပြီး ညနေ၆နာရီအထိ မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းများမှ ၂၆လမ်း၊ ၃၅လမ်းတို့မှ မြို့ပတ်ကမ်းနားလမ်းအတိုင်း ရပ်ကွက်အလိုက် ဓမ္မတေးများ သီဆိုရိုးရာတေးသီချင်းများဖြင့် ပင့်ဆောင်၍ ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ကြသည်။ **(အောက်ပုံ)**

ရေမျှောပွဲလာရောက်သူများသည် ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်းနှင့်မြို့ပတ်လမ်းထောင့်ရှိ ဂဏ်ါဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ကျောင်းခန်းမတွင် စေတနာရှင်များက သားသတ်လွတ်သီးစုံဒံပေါက်ဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းသည်။

အလားတူ အောင်မြေသာစံမြို့နယ် နန်းရှေ့ ၁၉လမ်း မဟာကာလီမယ်တော် ဟိန္ဒူဘုရားကျောင်းနှင့် ချမ်းအေးသာစံမြို့နယ် ၂၈လမ်း ရှရီဒူရ်ဂါရီဟိန္ဒူဘုရားကျောင်း၊ အောင်မြေသာစံမြို့နယ် ၂၂လမ်း အမ်ဘီကာဟိန္ဒူဘုရားကျောင်းများတွင်လည်း ရေမျှောပွဲပြန်လာသူများအား သားသတ်လွတ်ထမင်းများဖြင့် စတုဒိသာကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝင်း)





## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ မိသားစု အကြိမ်(၁၀၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် အလှူရှင် ကွယ်လွန်သူ ဖခင်ကြီး ဦးတင်လေးအားရည်စူး၍ မိခင် ဒေါ်ယဉ်ရွှေ၊ သမီး မစုဖြိုးသန့်တို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၀၀)ကြိမ်မြောက်အဖြစ် ဆွမ်း၊ဝက်သားနီချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်းသိရသည်။

(မန္တလေးနေ့စဉ် ၃)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ထိုင်ဝမ်နိုင်ငံ၊ တိုင်ပေမြို့နေ ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းအောင် + မိခင်ကြီး ဒေါ်ကြင်ဖုန်း၊ ဦးကြီးဘုန်းကြီးနှင့် အစ်ကို၊ အစ်မများအား ရည်စူး၍ တန်ဖိုး ငွေကျပ် ခုနစ်သိန်းဖိုးရှိ နေ့ဆွမ်းကြက်ဆီထမင်း၊ ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်တို့အား ယမန်နေ့က လှူဒါန်းရာ နာယက ဆရာကြီး ဦးတင်မောင်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းတာဝန်ရှိသူတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ်၀၉-၄၀၂၆၂ ၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Bradpitt က အချစ်သစ်နှင့် တရားဝင်တွဲ၍ ပွဲထွက်လာ

အသက် ၆၀ နှစ်ရှိနေပြီဖြစ်သည့် ဘရက်ပစ်သည် သူ့ထက် အသက်ထက်ဝက်ငယ်သော အချစ်သစ်နှင့် တရားဝင်တွဲ၍ ပွဲထွက်လာသည်ဟု ဟောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိန်ဂျလီနာဂျိုလီ၏ ခင်ပွန်းဟောင်း ပရက်ပစ်က ချစ်သူသစ် အင်နီးဒီရာမွန် အသက် ၃၄ နှစ်နှင့် လက်ရှိတွဲနေရာမှ တရားဝင်တွဲ၍ ပွဲထွက်လာခဲ့သည်။

သူတို့နှစ်ဦး ၂၀၂၂ ခုနှစ်ကတည်းက သတင်းထွက်ခဲ့ခြင်းဖြစ်ပြီး ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် နှစ်ဦးသားအတူ ပွဲတက်လာခဲ့သည်။

ပရက်ပစ်၏ဇနီး အင်နီးဒီရာမွန်မှာ ကျောက်မျက်ရတနာဒီဇိုင်းဖန်တီးသူတစ်ဦးဖြစ်ပြီး The Vampire Diaries မှ မင်းသားပေါလ်ဝက်စလေ၏ ဇနီးဟောင်းလည်းဖြစ်သည်။

အဆိုပါပွဲသို့ အိန်ဂျလီနာဂျိုလီလည်း ပွဲတက်ရောက်ခဲ့ပြီး သူ့တွင်လည်း ငယ်ရွယ်သည့် ချစ်သူသစ်လေးရရှိထားသည်ဟု သိရသည်။ (SKY)

## Ha Yerin က Bridgeton Seasonon-4 တွင် ပါဝင်ထား

တောင်ကိုရီးယားမင်းသမီး အသက် ၂၉ နှစ်နှင့် ဟာရီရင်းသည် ဟောလိဝုဒ်ဇာတ်ကား Bridgeton Season 4 တွင် အဓိကနေရာမှ ပါဝင်ထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဟာရီရင်းက မင်းသားလပ်ခ်သွန်မဆင်နှင့်အတူ ပါဝင်ထားကာ Bridgeton အိမ်၏ ဒုတိယသားနှင့် တွေ့ဆုံခဲ့သည့်အကြောင်းဖြစ်ပြီး အင်္ဂလန်တွင် စတင်ရိုက်ကူးနေကာ ဂျူလီယန်ကျူအင်း၏ Bridgeton တတိယမြောက်ဝတ္ထု An Offer From a Gentleman ကို အခြေခံရိုက်ကူးထားသည့် ဇာတ်လမ်းတွဲဖြစ်သည်။

အပိုင်းတစ်၊ နှစ်၊ သုံးမှာ ပရိသတ်အားပေးမှုနှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ရေပန်းစားနေသော ဇာတ်လမ်းတွဲဖြစ်ခဲ့သည်။

ဟာရီရင်းမှာ တောင်ကိုရီးယားအနုပညာရှင်နှင့် နိုင်ငံရေးသမားဆန်ဆွတ်တို့၏ မြေးမဖြစ်ပြီး ဆစ်ဒနီတွင်မွေးကာ မိဘနှစ်ပါးမှာ အနုပညာကျောင်းထွက်များ ဖြစ်ကြ၍ ကိုရီးယားတွင် အနုပညာကျောင်းတက်ခဲ့ပြီး ဆစ်ဒနီမှ အနုပညာဘွဲ့ရထားသူဖြစ်သည်။ (SKY)






## အေ၊ ဘီနှင့် အေဘီသွေးပိုင်ရှင်များ ကိုဗစ်ရောဂါရလျှင် နှလုံးထိခိုက်မှုနှစ်ဆများ တိုးလာနိုင်သည်ဟု ဆို

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် လူနာများ ဆက်လက်ခံစားရသည့် ကျန်းမာရေးချွတ်ယွင်းမှုများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု တောင်ကာလီဖိုးယားတက္ကသိုလ်နှင့် ကလိဗ်လန်းဆေးရုံမှ သုတေသီများမကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အထူးသဖြင့် အေ၊ ဘီနှင့် အေဘီသွေးပိုင်ရှင်များ ကိုဗစ်ရောဂါရပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရလျှင် နှလုံးထိခိုက်မှုနှစ်ဆများ တိုးလာနိုင်သည်ဟု ဖော်ထုတ်သိရှိခဲ့ကြောင်း ဦးဆောင်သုတေသီ ဒေါက်တာဟာဇင်က ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် အိုသွေးပိုင်ရှင်များမဟုတ်ဘဲ အေ၊ ဘီနှင့် အေဘီသွေးပိုင်ရှင်အများစုဖြစ်ကြရာ အဆိုပါတွေ့ရှိချက်ရလဒ်ကို သတိပြုကာ ဆင်ခြင်နေထိုင်သင့်သည်ဟု ၎င်းက ဆက်လက်အကြံပြုကြောင်း သိရသည်။ (SCI)

## ကေပေါ့ပ် IZNA အဖွဲ့သစ်အဖြစ် နှစ်ကုန်တွင် ပွဲဦးထွက်မည်

ကေပေါ့ပ်ပဥ္စမမျိုးဆက်သစ်အဖြစ် IZNA အဖွဲ့ကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပွဲဦးထွက်ရန် စီစဉ်ထားသည်ဟု ထုတ်လုပ်သူတက်ဒီက ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်မှတစ်ဆင့် ကမ္ဘာကျော်ခဲ့သည့် တူးအင်န်အီးဝမ်း၊ ဘလက်ပင့်ခ်အဖွဲ့တို့နှင့် ခြားနားစွာ အမျိုးသမီးငယ်လေးဦးပါဝင်သည့် ယင်းအဖွဲ့သည် သိမ်မွေ့နူးညံ့ရင့်ကျက်၍ အပြစ်ကင်းစင်မှုနှင့် မိန်းမပျိုလေးများအဖွဲ့အဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။

ထုတ်လုပ်သူတက်ဒီ၏ စီစဉ်မှုဖြင့် ပုံစံသစ်နှင့် လူကြိုက်များသည့် (1-Land 2) မှ ဖွဲ့စည်းပေးထားသည့် အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်လေးဦးစလုံး ချောမောလှပနုပျိုလန်းဆန်းတက်ကြွမှုအပြည့်နှင့် နှစ်ကုန်ပိုင်းတွင် IZNA ကို မြင်တွေ့ကြရမည်ဖြစ်သည်။ (SKY)



## Espresso က VMA ဂီတဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့

ဟောလိဝုဒ်အနုပညာလောကမှ ပေးအပ်သည့် ဂီတထူးချွန်ဆု VMA ကို အဆိုတော် အက်စ်ပရက်ဆိုက ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် ကမ္ဘာကျော်ဂီတအနုပညာရှင် တေလာဆွတ်စ်က ဆုပေါင်းများစွာ ဆွတ်ခူးရရှိခဲ့ပြီး ထိုင်းအနုပညာရှင် ကေပေါ့ပ်ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာသည်လည်း ဆုရရှိခဲ့ကာ အက်စ်ပရက်ဆိုက ပထမဆုံးအကြိမ် ဆုရရှိခဲ့ခြင်း ဖြစ်သည်။



ကစ်တီပယ်ရီသည် VMA တွင် အမေရိကန်နိုင်ငံရှိ ဂူဂဲလ်တွင် ရှာဖွေမှုအများဆုံးအမျိုးသမီးအနုပညာရှင်ဖြစ်ခဲ့ပြီး ဆုပေးပွဲတွင် ဆုတက်ရောက်ယူခဲ့သည်။

ယင်းဆုပေးပွဲတွင် နာမည်ကြီး အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး ဖက်ရှင်စတိုင်လ်ကျကျနှင့် မြင်တွေ့ကြရ၍ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားကြသည့် အဆိုတော်များအတွက် အားတစ်ခုဖြစ်ခဲ့ကြသည်။ (SKY)

## Kim So Yeon ဗီလိန်ဇာတ်ရုပ်ပိုင်းနိုင်လွန်း၍ ချီးကျူးခံရ

မင်းသမီးကင်ဆိုယွန်းသည် Penthouse နှင့် ဗီလိန်ဇာတ်ရုပ်ပိုင်နိုင်လွန်း၍ ချီးကျူးခံရသော်လည်း ယခင်ပရိသတ်များက ဆားနှင့်ပက်ပြီး အော်ဆဲခံခဲ့ရသည်ဟု အင်တာဗျူးတစ်ခုတွင် ရင်ဖွင့်ပြောကြားသွားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ကင်ဆိုယွန်က အင်တာဗျူးတွင် သူ၏ ဗီလိန်ဇာတ်ရုပ်အကြောင်းကို ယခင်ပရိသတ်များက ဇာတ်ကောင်နှင့်အပြင်လူကို ခွဲခြားမမြင်ကြဘဲ All About Eve ရိုက်ပြီးချိန် အပြင်တွင် တွေ့လျှင် ဆားနှင့်ပက်၍ အော်ဆဲခံရကာ ပါးရိုက်လုနီးနီးဖြစ်ခဲ့၍ ဘော်ဒီကတ်ပါငှားထားခဲ့ရသည်ဟု ဆိုသည်။

ဗီလိန်ဇာတ်ရုပ်နှင့် လူမုန်းများမည်ကို စိုးရိမ်၍ ဇာတ်ကားရွေးရာမှ ရိုက်ကူးရေးနည်းသွားခဲ့ရပြီး Penthouse ကမ်းလှမ်းချိန်က စိတ်ထဲကြောက်စိတ်ဝင်ခဲ့ကာ ဖြစ်ပါ့မလားဟု စိုးရိမ်စိတ်ဝင်ခဲ့သော်လည်း ယခုပရိသတ်မှာ ခွဲခြားမြင်တွေ့ကြပြီး ဗီလိန်ဇာတ်ရုပ်ကို ချီးကျူးခံရ ပျော်ရွှင်မိသည်ဟု ထပ်မံပြောကြားထားသည်။ (SKY)

## Michelle Yeoh က ဘာသာစကားများစွာအနက် မော်စကားအခက်ခဲဆုံးဟု ဆို



ဟောလိဝုဒ်အနုပညာရှင် မီရှဲလ်ယိုသည် ဘာသာစကားများစွာ ပြောကြားနိုင်သော်လည်း သူ့အတွက် အခက်ခဲဆုံးမှာ မော်စကားဖြစ်သည်ဟု အင်တာဗျူးတွင် ပြောကြားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မီရှဲလ်ယိုနှင့် အင်တာဗျူးတွင် ဘာသာစကားနှင့်ပတ်သက်၍ မော်စကားမှာ အခက်ခဲဆုံးဖြစ်ပြီး Harry Polter တွင်ပါလျှင် အခေါက်သုံးဆယ်လောက် ပြန်ရိုက်ရလိမ့်မည်ဟု ဆိုသည်။

အဓိကဘာသာစကားလေးမျိုးပြောတတ်ပြီး အခက်ဆုံးမှာ စကားလုံးများကို အတွဲလိုက်ပြောလိုက် တစ်ဆက်တည်းပြောလိုက်ရသော စကားဖြစ်ကာ အဆိုးဆုံးမှာ Ariana မော်စကားဟု ပြောခဲ့သည်။ (SKY)

# ထရမ့်၏ ဆေးဘက်ဆိုင်ရာမှတ်တမ်းများချမပြသဖြင့် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ် ဝေဖန်



**ဝါရှင်တန် အောက်တိုဘာ ၁၃**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် အတည်ပြုထားပြီးဖြစ်သော ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်၏ ဆေးဘက်ဆိုင်ရာမှတ်တမ်းများချမပြသေးသဖြင့် ပွင့်လင်းမြင်သာမှုမရှိဟု ပြိုင်ဘက်ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်က အောက်တိုဘာ ၁၂ ရက်တွင် ဝေဖန်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတွင် သမ္မတတာဝန်ထမ်းဆောင်နိုင်လောက်သည့် ဆေးစစ်ချက်မှတ်တမ်းများ မရှိသဖြင့်သာ ထရမ့်က အမေရိကန်ပြည်သူလူထုကို ချမပြခြင်းဖြစ်မည်ဟုလည်း ၄င်းက ထုတ်ဖော်ပြောကြားသည်။

၄င်း၏ ဆရာဝန်အဖြစ် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်ဆေးတပ်မှ ဗိုလ်မှူးကြီး ဂျိုရှုဝါဆင်မွန်းစ်က ၄င်း၏ ကျန်းမာရေး အလွန်ကောင်းမွန်သည်ဟု မှတ်ချက်ပေးထားသော ဆေးလက်မှတ် လက်ခံရရှိပြီးနောက် ကာမာလာက ထရမ့်ကို ယင်းကဲ့သို့ ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

ကာမာလာ၏ မိသားစုတွင် အူမကြီးကင်ဆာ ဖြစ်ပွားသည့် ရာဇဝင်ရှိခဲ့ပြီး ၄င်းအနေဖြင့် ကင်ဆာရောဂါဖြစ်ပွားနေခြင်း ရှိ၊ မရှိ နှစ်စဉ် ဆေးစစ်နေရသည်ဟု ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ထောက်ပြခဲ့သဖြင့် တုံ့ပြန်ဝေဖန်လိုက်ခြင်း ဖြစ်သည်။

စင်စစ်တွင် အသက် ၇၈ နှစ်အရွယ်ရှိပြီဖြစ်သော ထရမ့်၌သာ စိတ်ကျန်းမာရေးပြဿနာ ရှိနေသည်ဟု ဒီမိုကရက်တစ်အင်အားစုဝင်များက စွပ်စွဲထားကြောင်း သိရသည်။

Mon

0-0-0-0-0



## လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့လယ် အပျက်အစီးများကို အီရန်ပါလီမန်ဥက္ကဋ္ဌ ကွင်းဆင်းသွားရောက်ကြည့်ရှု

**ဘေရွတ် အောက်တိုဘာ ၁၃**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့လယ်ရှိ ဒုံးလက်နက်သင့် အဆောက်အအုံအပျက်အစီးများကို အီရန်ပါလီမန်ဥက္ကဋ္ဌ မိုဟာမက်ဘာဂါဂလီဘာတ် အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစ္စရေးဘက်က ဟစ်ဇဘိုလာပြောက်ကျားများနှင့် သက်ဆိုင်သော ပစ်မှတ်များကို ဒုံးလက်နက်များဖြင့် ပစ်ခတ်ခဲ့ရာမှ ဘေရွတ်မြို့လယ်တွင် ထိုသို့ ပျက်စီးခဲ့ခြင်း ဖြစ်သည်။

ကွင်းဆင်းကြည့်ရှုရာတွင် အီရန်ပါလီမန်ဥက္ကဋ္ဌ မိုဟာမက်ဘာဂါဂလီဘာတ်နှင့်အတူ ဟစ်ဇဘိုလာဥပဒေပြုပါလီမန်အမတ် နှစ်ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

မီလ်တန်ဟာရီကိန်းမုန်တိုင်းကြောင့် အန်ကလော့မြစ်ရေလျှံရာမှ ရေဘေးသင့်သော မိသားစုတစ်စုကို ကယ်ဆယ်ရေးအဖွဲ့က ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေစဉ်။

Mon



## ရီဗီယန်လျှပ်စစ်ပစ်ကပ်ကားနောက်ပုံးနှင့် အမိုးပေါ်၌ နေစွမ်းအင်ပြားများ တပ်ဆင်ဆန်းသစ်ထုတ်လုပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်အခြေစိုက် ရီဗီယန်ကုမ္ပဏီအနေဖြင့် လျှပ်စစ်ပစ်ကပ်ကားနောက်အဖုံးနှင့် ရှေ့အမိုးပေါ်၌ နေစွမ်းအင်ပြားများ တပ်ဆင်ကာ ဆန်းသစ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လျှပ်စစ်ပစ်ကပ်ကားတွင် တပ်ဆင်ထားသည့် ဘက်ထရီသည် ထိုကားအတွက် စွမ်းအင်အလုံအလောက် ဖြည့်တင်းပေးနိုင်သော်လည်း နေရောင်ခြည်များစွာရရှိသော ဒေသ၌ ခရီးရှည်သွားပါက ကားနောက်ဖုံးနှင့် ရှေ့အမိုးပေါ်မှ စုဆောင်းရရှိသော နေစွမ်းအင်ကို ဘက်ထရီအတွင်း ထည့်သွင်းကာ မနားတမ်းမောင်းနှင်နိုင်စေရန် ရည်ရွယ်ပြီး ဆန်းသစ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူက ဆိုသည်။

ဝပ်စပို့ကုမ္ပဏီက နေစွမ်းအင်ပြားများ တပ်ဆင်ထားသည့် ကားနောက်အဖုံးနှင့် ရှေ့အမိုးတို့ကို ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း ထိုကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် စတီဗင်ရေးဆီက ထုတ်ဖော်ပြောကြားသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် လျှပ်စစ်စွမ်းအင်ပြားများပါရှိသည့် ရီဗီယန်လျှပ်စစ်ပစ်ကပ်ကားများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆူဒန်နိုင်ငံ ခါတူးမ်မြို့တော်တစ်ဝန်းလုံးတွင် ဘာဟရီဆေးရုံတစ်ရုံတည်းသာ ကျန်ရှိတော့

**ခါတူးမ် အောက်တိုဘာ ၁၃**

ဆူဒန်နိုင်ငံ ခါတူးမ်မြို့တော်တစ်ဝန်းလုံးတွင် အများပြည်သူကို ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဆေးရုံအသီးသီးကို ပြည်တွင်းစစ်ကြောင့် ပိတ်သိမ်းခဲ့ရပြီးနောက် ယခုအခါ ဘာဟရီဆေးရုံတစ်ရုံတည်းသာ ကျန်ရှိတော့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုဆေးရုံကို အာအက်စ်အက်ဖ်လက်နက်ကိုင်များ သိမ်းပိုက်ထားရာမှ လွန်ခဲ့သော စက်တင်ဘာလတွင် ဆူဒန်အစိုးရတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းယူရရှိခဲ့သည်။

ခါတူးမ်မြို့တော်၏ တောင်ဘက်ခြမ်းကို အာအက်စ်အက်ဖ်လက်နက်ကိုင်များက သိမ်းပိုက်ကာ မြောက်ဘက်ခြမ်းကို အစိုးရတပ်ဖွဲ့ဝင်များက သိမ်းပိုက်ထားရာမှ နှစ်ခြမ်းကွဲနေသည့်တိုင် ထိုဆေးရုံတစ်ရုံတည်းသာ ကျန်ရှိတော့သဖြင့် နှစ်ဖက်စလုံးမှ လူနာများကို လက်ခံကုသပေးနေရသည်။

၁၈ လကျော် ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကြောင့် လူပေါင်းသန်းနှင့်ချီ၍ စစ်ဘေးရှောင်ခဲ့ရာမှ ဆရာဝန်များနှင့် အခြားဆေးဘက်ဆိုင်ရာဝန်ထမ်းများ တကွဲတပြားစီဖြစ်ရာမှ ဆေးရုံများ ပိတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0




## စကော့တလန်ဝန်ကြီးချုပ်ဟောင်း အဲလက်စ်ဆာလ်မွန်း အသက် ၆၉ နှစ်အရွယ်တွင် ကွယ်လွန်

**လန်ဒန် အောက်တိုဘာ ၁၃**

စကော့တလန်ဝန်ကြီးချုပ်ဟောင်း အဲလက်ဆာလ်မွန်း အောက်တိုဘာ ၁၂ ရက်က အသက် ၆၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စကောတစ်ရှ်အမျိုးသားပါတီခေါင်းဆောင်ဟောင်းလည်းဖြစ်သော ဆာလ်မွန်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စကော့တလန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စကော့တလန်နှင့် ဗြိတိန်နိုင်ငံရေးနယ်ပယ်တွင် အထင်ကရဖြစ်ခဲ့သူ ဆာလ်မွန်း ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းရသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon

## အစ္စရေးနိုင်ငံရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဟစ်ဇဘိုလာတို့က ဒုံးလက်နက်များဖြင့် ပစ်ခတ်

**ဂျေရုဆလင် အောက်တိုဘာ ၁၃**

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့တောင်ဘက်ရှိ စစ်အခြေစိုက်စခန်းတစ်ခုကို အောက်တိုဘာ ၁၂ ရက်တွင် ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဟစ်ဇဘိုလာပြောက်ကျားအုပ်စုက အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂျူးရိုးရာပြက္ခဒိန်အရ အထွတ်အမြတ်အထားရဆုံးဖြစ်သည့် ထိုနေ့တွင် အစ္စရေးတစ်နိုင်ငံလုံး ဈေးများပိတ်ကာ လူအသွားအလာမရှိသလောက်နည်းပါးကာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော်လည်း တောင်ပိုင်းနှင့် မြောက်ပိုင်းစစ်မျက်နှာများတွင်မူ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။



လက်ဘနွန်ဘက်က ပစ်ခတ်တိုက်ခိုက်ခဲ့သော ဒုံးလက်နက်များကို ထိုနေ့က မိမိတို့၏ ဒုံးလက်နက်ကာကွယ်ရေးစနစ်က ဖြိုခွင်းနိုင်ခဲ့သည်ဟု အစ္စရေးဘက်က သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို အစ္စရေးဘက်က ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဂျူးရိုးရာပွဲတော်နေ့သို့ ရောက်ရှိလာကာ ငြိမ်သက်သွားခဲ့သည်။

ယင်းပွဲတော်အပြီးတွင် အစ္စရေးဘက်က အီရန်ကို လက်တုံ့ပြန်တိုက်ခိုက်လာမည်လောဟု နိုင်ငံတကာအသိုက်အဝန်းက စိုးရိမ်မကင်းဖြစ်နေကြောင်း သိရသည်။

Mon

0-0-0-0-0

# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ကွက် အလိုက် ဆက်လက်ကောက်ယူမှုကို အောက်တိုဘာ ၁၂ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ ကောက်ကွက် ၅၅၀ရှိ အိမ်ထောင်စု ၆၀၃၃၉စု လူဦးရေ ၂၄၅၀၆၈ဦး ကောက်ယူပြီးစီးရာ ၇၇ ဒသမ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူမှုကို စာရင်းစစ် ၅၉ဦးနှင့် စာရင်းကောက် ၂၂၃ဦး၊ စုစုပေါင်း ၂၈၂ဦးတို့ဖြင့် ကောက်ကွက် ၇၁၂ ကွက်အား အောက်တိုဘာ တစ်ရက်နေ့မှ စတင်၍ ကောက်ကွက်အလိုက် နေ့စဉ်ကောက်ယူလျက်ရှိသည်။ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ကွက်အလိုက် ကောက်ယူမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မိတ္ထီလာခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့် မိတ္ထီလာမြို့နယ် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)



အဆိုပါ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြို့နယ်အတွင်းရှိ ကောက်ကွက်၇၁၂ကွက်အား အိမ်ထောင်စု ကောက်ကွက် ၅၄ဖွဲ့ဖြင့် အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ကောက်ကွက်အလိုက် ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁၁ရက်အထိ ကောက်ကွက် ၅၅၀ရှိ အိမ်ထောင်စု ၆၀၃၃၉စု လူဦးရေ အမျိုးသား ၁၁၀၉၄၄ဦး၊ အမျိုးသမီး ၁၃၄၁၂၄ဦး၊ စုစုပေါင်း ၂၄၅၀၆၈ ဦး ကောက်ယူပြီးစီးရာ ရာခိုင်နှုန်း ၇၇ ဒသမ ၂၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၄၆၉)

**ကံမ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့၌ စာရင်းကောက်၊ စာရင်းစစ်အဖွဲ့များက အောက်တိုဘာ ၁ရက်မှ စတင်၍ စာရင်းကောက်ယူခဲ့ကြရာ ယနေ့ နံနက်ပိုင်းတွင် ညောင်ပင်ကွင်းကျေးရွာအုပ်စု၊ ထန်းကောက်ကျေးရွာအုပ်စု၊ အလယ်ကျေးရွာအုပ်စုနှင့် ကျောက်မဲကျေးရွာအုပ်စုတို့ရှိ ကျေးရွာများ၌ ဆက်လက်ကောက်ယူလျက်ရှိသည်။



ထိုသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ၌ ကံမမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂အုပ်စုတို့တွင် ကောက်ကွက်ပေါင်း ၂၂၅ကွက်ရှိရာ ယမန်နေ့ ညနေပိုင်းအထိ စုစုပေါင်း ကောက်ကွက် ၁၉၁ကွက်၌ အိမ်ထောင်စု ၁၅၉၀၇စုနှင့် လူဦးရေ စုစုပေါင်း ၅၃၃၅၁ဦးတို့အား စာရင်းကောက်ယူပြီးစီးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။ (ဝဲပုံ)

**အာကာ(မြန်/ဆက်)**



**ပွင့်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၁၁ရက် နံနက် ၁၀နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် သန်းခေါင်စာရင်းကောက်များက ပွင့်ဖြူမြို့နယ် လက်ပန္တယ်ကျေးရွာသို့ သွားရောက်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် ကျေးရွာအတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများ တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရတို့က လိုက်လံကြည့်ရှုအားပေးပြီး အချက်အလက်စာရင်းများ ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက် ၄ခု နှင့် ကျေးရွာအုပ်စု ၅၂အုပ်စုရှိ စာရင်းကောက်ကွက်ပေါင်း ၃၀၀ တို့တွင် စာရင်းစစ်၊ စာရင်းကောက် ၁၁၃ဦးတို့က အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကာ အောက်တိုဘာ ၁၀ရက်အထိ စာရင်းကောက်ကွက် ၁၈၄ ခု၊ အိမ်ထောင်စုပေါင်း ၂၃၃၄၆ စု၊ လူဦးရေပေါင်း ၈၁၄၃၀ ဦးတို့ကို စာရင်းများ ကောက်ယူပြီးစီးပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပွင့်ဖြူမြို့နယ် ဦးစီးမှူးရုံးမှ သိရသည်။

(အပေါ်ပုံ)

(၄၄၅)

**ကလေး အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၁၁ရက်မြောက်နေ့ ဆက်လက်ကောက်ယူခြင်းများ ဆောင်ရွက်ရာ ကျောက်တိုက်ကျေးရွာနှင့်မင်းလှကျေးရွာများတွင် သန်းခေါင်စာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူနေမှုများကို ကလေးခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်း၍ အနီးကပ် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(မြန်/ဆက်)**



**တောင်တွင်းကြီး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇နာရီမှ ညနေ ၆နာရီထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအသီးသီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၃ခု၊ ကျေးရွာအုပ်စု ၁၆စု၊ ကျေးရွာပေါင်း ၃၇ရွာရှိ ကောက်ကွက်ပေါင်း ၄၃ကွက်၌ စာရင်းစစ်၊ စာရင်းကောက်၊ Volunteerများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း၂၁၇ ဦးက လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက်အလက် ၆၈ချက် မေးမြန်းကာ Mobile Tablet များဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ကောက်ယူရာ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာဖြင့် ပြည်ပြည်စုံစုံ ဖြေကြားကြသည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာသို့ မြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းအချက်အလက်များ မှန်ကန်တိကျမှုရှိစေရေး၊ သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးစားကောက်ယူကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(မြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ နေအိမ်တိုက်ခန်းအတွင်း ဝင်ရောက်ကာ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသားသုံးဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာ တိုက်အမှတ်(K-1) အခန်း(၁၃)နေ ဒေါ်စန္ဒာမိုး(၆၁)နှစ် (ဘ) ဦးသိန်းညွန့်သည် အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီက တိုက်ခန်းအတွင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတိုက်ခန်း၏ ဧည့်ခန်းအတွင်း ကြမ်းပြင်ပေါ်၌ ဒေါ်စန္ဒာမိုးအား ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲစခန်း(ပ)၄၃/၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ အခင်းဖြစ်ရပ် မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များကို အခြေခံ၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာဝင်းအနီး ကျူးကျော်တဲနေ မျိုးမင်းထွန်း(၂၄)နှစ် (ဘ) ဦးတင်မောင်ကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျူးကျော်တဲ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဗိုလ်အောင်ဇေယျရပ်ကွက်နေ ကိုဖြိုး(ခ)ဖြိုးသက်ပိုင်(၂၃)နှစ် (ဘ)ဦးအောင်ကျော် ကို အောက်တိုဘာ ၁၁ ရက် ည ၉ နာရီတွင် မန္တလေးမြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာနေ ငရဲ(ခ) ရဲလင်းဦး(ခ)ရဲရဲ (၂၀)နှစ် (ဘ) ဦးဇော်မင်းအေးကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် မကွေး-မန္တလေး ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်ပေါ်၌လည်း ကောင်း လုယက်ယူဆောင်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



(ဝဲမှ ယာ) တရားခံ ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲ၊ ကိုဖြိုး(ခ)ဖြိုးသက်ပိုင်နှင့် မျိုးမင်းထွန်း။

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင် အိမ်ရာဝင်းတွင် ဆေးသုတ်လုပ်ငန်း လုပ်ကိုင်သူ တရားခံ ကိုဖြိုး(ခ)ဖြိုးသက်ပိုင်သည် ၎င်း၏ အလုပ်ရှင်ဖြစ်သူမှ တစ်ဆင့်ခင်မင်ရင်းနှီးသူ ဒေါ်စန္ဒာမိုးမှာ သုခတော်ဝင်အိမ်ရာ တိုက်အမှတ်(K-1) အခန်း(၁၃)၌ တစ်ဦးတည်း နေထိုင်သူဖြစ်ကြောင်း သိရှိရပြီး ၎င်း၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများနှင့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များ ဖြေရှင်းနိုင်ရန်အတွက် ဒေါ်စန္ဒာမိုးကိုသတ်ဖြတ်၍ပစ္စည်းများလုယက်ယူဆောင်ရန် အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည့် မျိုးမင်းထွန်းနှင့် ငရဲ(ခ) ရဲလင်းဦး(ခ)ရဲရဲတို့နှင့် ကြိုတင်တိုင်ပင်ခဲ့ကြကြောင်း။

အခင်း ဖြစ်ပွားသည့် အောက်တိုဘာ ၆ ရက်၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုရန်အတွက် အရိုးအသွား ၁၀ လက်မခန့်ရှိဝါးရိုးတပ်ဓားဦးချွန် နှစ်ချောင်းကို ချယ်ရီဈေးမှ လည်းကောင်း၊ ရော်ဘာလက်အိတ် သုံးစုံကို သုခတော်ဝင်အိမ်ရာဝင်းအတွင်းရှိ ဆေးဆိုင်မှ လည်းကောင်း ဝယ်ယူကာ ည ၆ နာရီခွဲတွင် ဒေါ်စန္ဒာမိုး နေထိုင်ရာ သုခတော်ဝင်အိမ်ရာ တိုက်အမှတ်(K-1) အခန်း(၁၃)သို့ သွားရောက်ခဲ့ပြီး ဒေါ်စန္ဒာမိုးနှင့် တွေ့ဆုံစကား ပြောနေရာ ဒေါ်စန္ဒာမိုးက ၎င်းတို့သုံးဦး စားသုံးရန်အတွက် ဆန်များ ထည့်ပေးနေစဉ် မျိုးမင်းထွန်းနှင့် ကိုဖြိုး(ခ)ဖြိုးသက်ပိုင်တို့က ဒေါ်စန္ဒာမိုးကို နောက်မှ သိုင်းဖက်ချုပ်ကိုင်ပေးပြီး ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲက အသင့်ယူဆောင်လာသော ဓားဖြင့် လေးချက်ခန့်ထိုး၍ ဒေါ်စန္ဒာမိုး လဲကျသွားစဉ် ၎င်းဝတ်ဆင်ထားသည့် နားကပ်တစ်ရန်နှင့် နေအိမ်အတွင်းရှိ Samsung Galaxy A32 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၂၀၀၀၀ တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်လုယက်မှု ကျူးလွန်ခဲ့သူ ငရဲ (ခ) ရဲလင်းဦး (ခ) ရဲရဲ၊ မျိုးမင်းထွန်းနှင့် ကိုဖြိုး(ခ) ဖြိုးသက်ပိုင်တို့သုံးဦးအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်ရာ လှုပ်ရှားသွားလာ ဆောင်ရွက်မှုများ တွေ့ရှိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထံအသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Thet Htut Kyaw" Facebook အကောင့်နှင့် "Thet Htut Kyaw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ သက်ထွဋ်ကျော်အား ည ၆ နာရီ မိနစ် ၄၀ တွင် သန်လျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခန္ဓာအိမ်ဓာတ်စာ ကန်စွန်းဥ

ကန်စွန်းဥလို့ဆိုလိုက်တာနဲ့ အများသူငါ မြင်ဖူး၊ စားဖူးကြပါတယ်။ ကန်စွန်းဥကို ပြုတ်စား၊ ဖုတ်စား၊ သာကူနဲ့ ကျိုစားကြလေ့ရှိပါတယ်။ကန်စွန်းဥဟာ စားကောင်းရုံတင်မက ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုတာ တွေ့ရှိရပါတယ်။ ကန်စွန်းဥရဲ့ အတွင်းသားဟာ လိမ္မော်ရောင်၊ ခရမ်းရောင်၊ ပန်းရောင်ရှိပါတယ်။ အရသာချိုပြီး ကန်စွန်းဥသားဟာ မွမွလေးမို့ စားရတာ အရသာတစ်မျိုး ထူးပါတယ်။

ကန်စွန်းဥတွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သွေးကြောတွေကို ထောက်ပံ့ပေးတဲ့ ဘီတာကာရိုတင်း၊ သွေးဖိအား(သွေးပေါင်ချိန်)ကို ထိန်းညှိပေးတဲ့ ပိုတက်စီယမ်နဲ့ ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိတဲ့ ဗီတာမင်စီနဲ့ ဗီတာမင်အီးတို့ ပါဝင်နေပါတယ်။ အမျှင်ဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်နေတာကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်းကို ကျန်းမာစေပါတယ်။ အမျှင်ဓာတ်က အစာခြေစနစ်အတွင်း ရောက်ရှိပြီး ရေကိုစုပ်ယူကာ ဝမ်းပျော့စေတယ်။ ဒီအတွက် အစာခြေဖျက်မှု လွယ်ကူစေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ အမျှင်ဓာတ်ပါတဲ့ အစားအစာတွေကို စားပေးတာဟာ အူမကြီးကို ကျန်းမာစေတဲ့ ဖက်တီးအက်ဆစ်တွေ တိုးပွားစေပါတယ်။ အူမကြီးကင်ဆာ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

ခရမ်းရောင်ကန်စွန်းဥမှာတော့ အင်န်ဒိုဆိုင်ရာနင်လို ဓာတ်တိုးဆန့်ကျင်ပစ္စည်းမျိုးပါဝင်တာကြောင့် ဆီးအိတ်၊ အူမကြီး၊ ရင်သား၊ အစာအိမ်စတဲ့ ကင်ဆာဖြစ်စေမယ့် ကင်ဆာဆဲလ်တွေကို တိုက်ထုတ်ပေးသလို ၄င်း ကင်ဆာဆဲလ်တွေ အခြားကိုယ်တွင်းအင်္ဂါတွေဆီ မပျံ့နှံ့အောင် ဟန့်တားပေးတယ်လို့ သိရပါတယ်။

လိမ္မော်ရောင်ကန်စွန်းဥမှာတော့ ဘီတာကာရိုတင်းလို့ခေါ်တဲ့ ဓာတ်ပစ္စည်းပါရှိပြီး ကိုယ်တွင်းရောက်သွားတဲ့အခါ ဗီတာမင်အေအဖြစ် ပြောင်းလဲစေပါတယ်။ ဗီတာမင်အေဟာ မျက်စိအမြင် အားကောင်းစေတယ်။ မျက်စိမှုန်တာ၊ အားနည်းတာ၊ အလင်းစူးတဲ့ဒဏ် မခံနိုင်တာ၊ မျက်စိဆဲလ် ပျက်စီးတာတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ကန်စွန်းဥမှာ အင်ဒိုဆိုင်ရာနင်လို ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါတာကြောင့်လည်း ဦးနှောက်ဆဲလ်တွေ ပျက်စီးတဲ့ဘေးမှ ကာကွယ်ပေးပြီး ရောင်ရမ်းမှုတွေကို လျော့ကျစေတယ်။ ဦးနှောက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးတယ်။ မှတ်ဉာဏ်ချို့ယွင်းတာ၊ မကြာခဏ သတိမေ့တတ်တာ၊ စိတ်ကစဉ့်ကလျားဖြစ်တဲ့ ရောဂါမျိုးတွေကိုလည်း ကာကွယ်ပေးနိုင်တယ်လို့ ဆိုပါတယ်။ကလေးငယ်တွေအတွက်လည်း မှတ်ဉာဏ်ကောင်းအောင်၊ စာတွေစွဲမြဲမှတ် မိအောင်လည်း ကူညီပေးပါတယ်။

ကန်စွန်းဥစားပေးခြင်းဟာ ကိုယ်ခံအားစနစ်ကိုလည်း ကောင်းစေပါတယ်။ ကျန်းမာစေရန်နဲ့ ကိုယ်တွင်းအင်္ဂါတွေ ကောင်းကောင်းအလုပ်လုပ်နိုင်ရေးအတွက် ဗီတာမင်ဓာတ်နဲ့ အခြားအာဟာရဓာတ်တွေ ကန်စွန်းဥထဲမှာပါရှိလို့ နေပါတယ်။တစ်နေ့တာ ကုန်ဆုံးသွားတဲ့ အားအင်တွေကို ပြန်လည်ဖြည့်တင်းပေးဖို့နဲ့ ကြွက်သားထု တည်ဆောက်ဖို့ရာအတွက်လည်း ကစီဓာတ်တွေပါရှိတာကြောင့် ကန်စွန်းဥကို အသက်အရွယ်မရွေး စားပေးသင့်တယ်လို့ ဆိုချင်ပါတယ်။

ကန်စွန်းဥကို ပြုတ်စားတာက ကျန်းမာရေးအတွက် အသင့်တော်ဆုံးဖြစ်ပါတယ်။ ပါးပါးလှီးပြီး ဆီသန့်သန့်နဲ့ ကြော်စားတာ၊ ပြုတ်ပြီး သံပရာရည် အနည်းငယ်ညစ်ပြီး ထောင်းစားတာမျိုး၊ မီးဖုတ်ပြီးစားတာမျိုးတွေလည်း ရှိပါတယ်။

သတိပြုရမှာကတော့ ကန်စွန်းဥမှာ အမဲစက်တွေဖြစ်နေရင် အညှောင့်ပေါက်တာမျိုးတွေ့ရင် မစားပါနဲ့။အစာအဆိပ်သင့်တာမျိုး ဖြစ်တတ်လို့ပါ။ အစာအိမ်အချဉ်ဓာတ်များတဲ့သူ၊ အစာအိမ်ရောဂါအခံရှိသူတွေဆို အဲ့လို ကန်စွန်းဥမျိုးတွေ လုံးဝမစားသင့်ပါဘူး။

ကန်စွန်းဥဟာ စိတ်ကြိုက်စားလို့ရတဲ့အစာမျိုး ဖြစ်ပေမယ့်လည်း အလွန်အကျွံစားတာမျိုးတော့ ရှောင်ရပါမယ်။ပိုးသတ်ဆေးမသုံးဘဲ စိုက်ပျိုးထားတဲ့ ကန်စွန်းဥမျိုးကို ရွေးချယ်စားသုံးပါ။သွေးတွင်းကိုလက်စထရောလ်များနေသူတွေကလွဲလို့ ကျန်သူများ အတိုင်းအတာ ပမာဏတစ်ခုထိ စားလို့ရပါကြောင်း ဖတ်မှတ်သိမိသမျှ ခန္ဓာအိမ်ဓာတ်စာအတွက် ရေးသား ဖော်ပြလိုက်ပါတယ်။

**မျိုးဦး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးအောထွက်ပစ္စည်း၊ သတင်းစာစက္ကူ ရိုက်ပျက်နှင့် လိပ်ခွာပျက်(ဖြူပျက်) (၅ ဒသမ ၆၀၁)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူ ရောင်းချမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ | - | Thailand နိုင်ငံထုတ် News Print Paper CAS Brite 48.8 gsm အမျိုးအစား |
| (၁) ရိုက်ပျက် | - | (၄ ဒသမ ၈၇၉)တန် |
| (၂) လိပ်ခွာပျက်(ဖြူပျက်) | - | (၀ ဒသမ ၇၂၂)တန် |
| (ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၁၁-၁၀-၂၀၂၄ ရက် |
| (ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြား |
| (ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - | ၂၂-၁၀-၂၀၂၄ ရက် (၁၆:၃၀)နာရီ |
| (င) တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန် | - | ၂၅-၁၀-၂၀၂၄ ရက် (၀၉:၀၀)နာရီ |
| (စ) တင်ဒါရွေးချယ်မည့်နေရာ | - | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| (ဆ) တင်ဒါလျှောက်လွှာတစ်စုံရောင်းချဈေးနှုန်း | - | ကျပ် ၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## "အမွေခွဲဝေပြီးကြောင်း အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၈)၊ ကံ့ရွာနေ ဦးအီစမန်ရင်(ခ)ဦးဆောင်း(ဘ)ဦးအလီရာမွတ်(၉/မရတ(နိုင်)၀၈၅၀၈၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၈)၊ ကံ့ရွာရှိ ဒေါ်ညိုအမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့် မြေကွက်အမှတ်(၁၇၉)သည် ဒေါ်ညိုကွယ်လွန်ပြီးနောက် ဦးအီစမန်ရင်(ခ)ဦးဆောင်းနှင့် ဒေါ်မြင့်မြင့်တို့ အမွေဆက်ခံရရှိခဲ့သည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်မြင့်မြင့်သည် (၂၈.၆.၂၀၀၆)ခုနှစ်က ကွယ်လွန်သွားခဲ့ပြီး ဦးမင်းမင်းလတ်၊ ဦးညီညီလတ်၊ ဒေါ်ချစ်မမ၊ ဒေါ်ဖြူဖြူခင် သားသမီး(၄)ဦးတို့ ကျန်ရစ်ခဲ့ပါသည်။ အဆိုပါမြေကွက်ကို (၂.၁၀.၂၀၂၄)ရက်နေ့တွင် တူ/တူမများနှင့် ဦးလေးဖြစ်သူ ဦးအီစမန်ရင်(ခ)ဦးဆောင်းတို့ အစ္စလာမ့်တရားတော်နှင့်အညီ အမွေခွဲဝေခဲ့ကြရာ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ရရှိမည့် အမွေဝေစုကို ဦးညီညီလတ်နှင့် ဒေါ်ချစ်မမတို့က လက်မှတ်ရေးထိုး၍ လက်ခံရယူခဲ့ကြပါသည်။ ထို့ကြောင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈၆၈)၊ ကံ့ရွာရှိ ဒေါ်ညိုအမည်ဖြင့် မြေနေရာချထားခြင်းခံရသော မြေကွက်ကို အမွေခွဲဝေပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**<u>လွှဲအပ်ညွှန်ကြားသူ</u>**
**ဦးအီစမန်ရင်(ခ)ဦးဆောင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**<u>တရားလွှတ်တော်ရှေ့နေများ</u>**
**ဦးငြိမ်းချမ်းမောင်(ခ)ဦးငြိမ်းမောင်**(LL.B)
**ဦးအောင်စော်ထွန်း**(LL.B) **ဒေါ်ကြည်ကြည်ဝင်း**(LL.B)
**အမှတ်(၂၂၄)၊ ၇၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် သတ္တမတိုက်တန်း၊ ဆိုင်ခန်းအမှတ်(၁၅) သည် ဒေါ်စောမြပါ(၈)ဦးအမည်ပေါက်ပါသည်။ အဆိုပါဆိုင်ခန်းအား ဆိုင်ခန်းမှတ်ပုံတင် အမည်ပေါက်ပြောင်း လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် သတ္တမတိုက်တန်း၊ ဆိုင်ခန်းအမှတ်(၁၆)သည် ဦးထွန်းထွန်းနိုင်+ဒေါ်ရီရီမြင့် အမည်ပေါက်ပါသည်။ အဆိုပါဆိုင်ခန်းအား ဆိုင်ခန်းမှတ်ပုံတင် အမည်ပေါက်ပြောင်း လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**

## ပျောက်ဆုံးကြောင်း

မောင်ရန်နိုင်အောင်(ဘ)ဦးရဲနိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၂၄၁၀၇၈) ကိုင်ဆောင်သူ၏ Passport No.MI801147 သည် ပျောက်ဆုံးနေပါသဖြင့်တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **မောင်ရန်နိုင်အောင်၊ ဖုန်း ၀၉-၇၆၉၈၅၂၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀.၀၃၁)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်ဝင်း(ဘ)ဦးသောင်းရွှေ(၉/မရတ(နိုင်)၀၄၃၂၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း** (LL.B)

**တရားလွှတ်တော်ရှေ့နေ**

| **ဦးရဲဝင်း** | **ဦးပြည့်ကိုကို** | **ဒေါ်မြင့်မြင့်အေး** | **ဒေါ်ချောစု** | **ဒေါ်မဥ္ဇူမြင့်** |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## "(၂၆.၉.၂၀၂၄)ရက်နေ့ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)ပါ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ရှင်းလင်းကြေညာခြင်း"

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၂၆-ခ)၊ ၇၃လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားနေ ဒေါ်စောလှိုင်(ဘ)ဦးကြီးစိန်(၉/မနမ(နိုင်)၀၂၁၅၂၅)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စောလှိုင်၏ သားသမီးအရင်းများဖြစ်ကြသည့် (၁)ဦးမောင်မောင်ဦး၊ (၂)ဦးကိုကိုဦး၊ (၃)ဦးညီညီဦး၊ (၄)ဒေါ်ခိုင်ခိုင်သင်းတို့မှ (၂၆-၉-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)တွင် ဒေါ်စောလှိုင်မှာ အသက်အရွယ်ကြီးရင့်၍ သတိကောင်းမွန်သူမဟုတ်ကြောင်း ကျန်းမာရေးချို့ယွင်းနေသူဖြစ်ကြောင်း ဖော်ပြထားသည့် ကိစ္စများ မှန်ကန်ခြင်းမရှိပါ။

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စောလှိုင်မှာ အသက်(၈၃)နှစ်အရွယ်ရှိသော်လည်း စိတ်ရော၊ ကိုယ်ပါ ပကတိကျန်းမာသူဖြစ်ပြီး အကောင်းအဆိုး၊ အကျိုးအကြောင်းကို ကိုယ်တိုင်သိရှိ ခွဲခြားနိုင်သူဖြစ်သောကြောင့် မွေးဖွားထားသည့် သားသမီးများအားလုံး အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှုကိုမျှ လက်ခံမည့်သူ မဟုတ်ပါ။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စောလှိုင်သည် မိမိတရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၂၆-ခ)မြေနှင့်အိမ်အား မိမိ၏ လွတ်လပ်သောဆန္ဒဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို အမွေဆက်ခံခွင့်၊ အခွင့်အရေး မဆင်းသက်မရရှိသေးသူများဖြစ်သည့် (၁)ဦးမောင်မောင်ဦး၊ (၂)ဦးကိုကိုဦး၊ (၃)ဦးညီညီဦး၊ (၄)ဒေါ်ခိုင်ခိုင်သင်းတို့(၄)ဦးမှ မိခင်ဖြစ်သူအား ကိုယ်ထိလက်ရောက်စော်ကားပြုမူပြီး ကျန်းမာရေးမကောင်းကြောင်း မမှန်သတင်းလွှင့်၍ ကန့်ကွက်နေခြင်းဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးတင်စော်လတ်**(LL.B) **ဦးရဲကျော်သူ**(LL.B) **ဦးငြိမ်းချမ်းကျော်**(LL.B) **ဦးစည်သူမြင့်**(LL.M)
**<u>တရားလွှတ်တော်ရှေ့နေများ</u>** **<u>အထက်တန်းရှေ့နေများ</u>**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၂၂၄၇၁**

## "(၂၆.၉.၂၀၂၄)ရက်နေ့ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)ပါ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ရှင်းလင်းကြေညာခြင်း"

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နေ ဦးမင်းမင်းဦး(ဘ)ဦးအောင်သန်းနှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၂၆-ခ)၊ ၇၃လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားနေ ဒေါ်မြင့်သီတာဦး(ဘ)ဦးအောင်သန်းတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(၁)ဦးမောင်မောင်ဦး၊ (၂)ဦးကိုကိုဦး၊ (၃)ဦးညီညီဦး၊ (၄)ဒေါ်ခိုင်ခိုင်သင်းတို့(၄)ဦးမှ (၂၆-၉-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)တွင် မိခင်ဒေါ်စောလှိုင်မှာ အသက်အရွယ်ကြီးရင့်၍ သတိကောင်းမွန်သူမဟုတ်ကြောင်း ကျန်းမာရေးချို့ယွင်းနေသူ မိခင်အား ဖြားယောင်းသွေးဆောင်၍ ကျန်သားသမီးများက ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်ဟု ဖော်ပြကြေညာထားပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများ၏ မိခင်ဖြစ်သူ ဒေါ်စောလှိုင်မှာ စိတ်ရော၊ ကိုယ်ပါ ပကတိကျန်းမာသူဖြစ်သောကြောင့် အရောင်းအဝယ်ကိစ္စကို ၎င်း၏သဘောဆန္ဒအတိုင်း တရားဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများမှ မိခင်ဖြစ်သူ ဒေါ်စောလှိုင်အား အရောင်းအဝယ်ပြုလုပ်ရန် တစ်စုံတစ်ရာဖြားယောင်းသွေးဆောင်မှု မရှိကြောင်း သိရပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများ၏ ဂုဏ်သိက္ခာကို ထိပါးပြီး ယခုကဲ့သို့ မမှန်ကြေညာခြင်း၊ ပြောဆိုခြင်းများထပ်မံမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးတင်စော်လတ်**(LL.B) **ဦးရဲကျော်သူ**(LL.B) **ဦးငြိမ်းချမ်းကျော်**(LL.B) **ဦးစည်သူမြင့်**(LL.M)
**<u>တရားလွှတ်တော်ရှေ့နေများ</u>** **<u>အထက်တန်းရှေ့နေများ</u>**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၂၂၄၇၁**

# (၁၀၄)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၇)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀၄)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့၊ (၄၇)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝဏ်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အကယ်ဒမီ ခန့်စည်သူတို့က(၁၀၄)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ရာပြည့်ရှင်ပြင်နှင့် ရုပ်ရှင်ဖခင်ကြီးများရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဈေးဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြစဉ်။

ဆက်လက်၍ (၄၇)ကြိမ်မြောက် ရုပ်ရှင်အနုပညာရှင်သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ရုပ်ရှင်သက်ကြီး အနုပညာရှင်များအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၄၀ ကို ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ရုပ်ရှင်သက်ကြီးပညာရှင်များအတွက် လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင် လက်ခံရယူစဉ်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၊ Forever Group Co.,Ltd. က ငွေကျပ်သိန်း ၇၀၊ ရွှေသံလွင်မီဒီယာ (Sky Net) မိသားစုက ငွေကျပ် ၁၆၇ သိန်း တန်ဖိုးရှိ Sky Net DTH ကြည့်ရှုခွင့် ခြောက်လစာနှင့် DTH စက်ခြောက်လုံး၊ မင်္ဂလာရုပ်ရှင် မိသားစုက ငွေကျပ် ၂၈ သိန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှတ်တမ်းစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ ရုပ်ရှင်လောကသားအားလုံး တက်ရောက်လာကြပြီး ရုပ်ရှင်လောကကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေသည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း၊ မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ကြည့်ပါက ၁၀၄ နှစ်တိုင် နိုင်ငံနှင့်ပြည်သူအတွက် ရုပ်ရှင်အနုပညာရှင်များက အနုပညာဖြင့် ပေးဆပ်ခဲ့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အနုပညာရှင်များကို တန်ဖိုးထားပြီး ရုပ်ရှင်လောကကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေပါကြောင်း၊ ရုပ်ရှင်လောကကြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင်၊ မှေးမှိန်မသွားအောင် အဘက်ဘက်က ဝိုင်းဝန်းပါဝင်ခဲ့သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ငိုနေသည့်ပြည်သူများ ပြုံးပျော်စေရန် အနုပညာရှင်များကသာ အနုပညာဖြင့် ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှတ်တမ်းစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်ရာ ရုပ်ရှင်သက်ကြီးပညာရှင် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရုပ်ရှင်သက်ကြီးပညာရှင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မြန်မာနိုင်ငံ၌ ပထမဆုံးမြန်မာဇာတ်ကားဖြစ်သည့် မေတ္တာနှင့်သူရာဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြသခဲ့ပြီး ထိုနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ်သတ်မှတ်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၄၇) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယခြေစမ်းပွဲတွင် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်း ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့



**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲစဉ်ကို ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲစဉ်ပြီးဆုံးခဲ့သည်။

မြန်မာအသင်းသည် အောက်တိုဘာ ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် သီရိလင်္ကာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူခဲ့သော်လည်း ယနေ့ယှဉ်ပြိုင်ကစားရသည့် ဒုတိယခြေစမ်းပွဲတွင် ဂိုးမရှိသရေရလဒ်သာ ရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် သီရိလင်္ကာအသင်းအား ၂၀၀၈ ခုနှစ်က သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ၂၀၁၀ ခုနှစ်က လေးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ပထမခြေစမ်းပွဲက နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရယူနိုင်ခဲ့သော်လည်း ယနေ့ယှဉ်ပြိုင်ကစားသည့် ဒုတိယခြေစမ်းပွဲတွင်မူ ဂိုးမရှိသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

(NGB)

၀-၀-၀-၀-၀